# ကြေးမုံ The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်၊ ကြာသပတေးနေ့။ Thursday, 23 May 2024 ၁၁၄၆၆


**သူတော်ကောင်းတို့၏သတင်း ပျံ့နှံ့ကြိုင်လှိုင်**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြက်ရုံးပန်း စသော ပန်းတို့၏အနံ့သည် လေထက်လေညာသို့ မပျံ့မလှိုင်၊ သူတော်ကောင်းတို့၏ သီလတည်းဟူသော ဂုဏ်သတင်းအနံ့သည် လေညာသို့ပင် ပျံ့နှံ့ကြိုင်လှိုင်၏။ သူတော်ကောင်းတို့၏သတင်းသည် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ကြိုင်လှိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၄ ခုနှစ် ကဆုန်လပြည့်ဗုဒ္ဓနေ့အထိမ်းအမှတ်အဖြစ် ဆင်ယင်ကျင်းပပူဇော်သည့် မဟာမင်္ဂလာအခမ်းအနားများသို့ ကြွရောက်တော်မူကြသည့် ဆရာတော်ကြီးများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်း

**နေပြည်တော် မေ ၂၂**

၂၀၂၄ ခုနှစ် ကဆုန်လပြည့်ဗုဒ္ဓနေ့ အထိမ်းအမှတ်အဖြစ် ဆင်ယင်ကျင်းပပူဇော်သည့် မဟာမင်္ဂလာအခမ်းအနားများသို့ ကြွရောက်တော်မူကြသည့် ဆရာတော်ကြီးများအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မာရဝိဇယဗုဒ္ဓဥယျာဉ်တော် ပရိဝုဏ်အတွင်းရှိ အဂ္ဂါဓိပတိသာသနဗိမာန်တော်ကြီး၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

**တက်ရောက်ကြည်ညို**

အခမ်းအနားသို့ အထူးပင့်ဖိတ်ထားသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသတို့ အမှူးပြုသည့် ဆရာတော်၊

စာမျက်နှာ ၃ ကော်လံ ၁ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။


ယနေ့ ဖတ်စရာ

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆီမီးတိုင်များဖြင့် လှည့်လည်ပူဇော် စာမျက်နှာ » ၉

ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် မန္တလေးမြို့ လေးပြင်လေးရပ်ရှိ ဆရာတော်၊ သံဃာတော် ၁၀၂၇၂ ပါးအား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လောင်းလှူပွဲ အခမ်းအနား ကျင်းပ စာမျက်နှာ » ၁၃

ကြေးမုံ

# ပညာပြည့်ဝနှလုံးလှသည့် လူငယ်များအားမာန်

ပြစ်မျိုးမှဲ့မထင် နုပျိုသစ်လွင်သည့် ကလေးသူငယ် လူငယ်လူရွယ်လေးများမှာ ကျက်သရေမင်္ဂလာ အဖြာဖြာရှိလှပါသည်။ ကလေးကျက်သရေ၊ လူငယ်တို့၏ ဂုဏ်ရည်တို့မှာ လူကြီးများအတွက် နှလုံးစိတ်ဝမ်းချမ်းမြေ့စရာ ဖြစ်သည်။ အဖြူရောင်သက်သက် လင်းလက်တောက်ပနေသည့် ကလေးသူငယ် လူငယ်လူရွယ်တို့ကို ပြုစုပျိုးထောင် မြေတောင်မြှောက်ပေးနိုင်မှ တိုင်းပြည်နှင့် မျိုးဆက်သစ်တို့၏ အနာဂတ်မှာ လှပနေမည်ဖြစ်ပါသည်။

ယနေ့ကမ္ဘာပေါ်ရှိ ကလေးသူငယ်နှင့် လူငယ်လူရွယ်လေးများကို လေ့လာကြည့်ရာ၌ နုပျိုလန်းဆန်း လှုပ်ရှားတက်ကြွသည့် စိတ်အခြေခံဖြင့် ရှေ့သို့တက်လှမ်းနေကြသည်ကို သိနိုင်ပါသည်။ လူဦးရေ၏ သုံးပုံတစ်ပုံခန့် ရှိသည့် လူငယ်လူရွယ်လေးများကို ကြည့်လျှင် ပတ်ဝန်းကျင်အခြေခံအကြောင်းတရားအပေါ်တွင်မူတည်၍ ကောင်းမွန်သောအကြောင်းအမျိုးမျိုးတို့တွင် ဖြတ်သန်းနေကြသူများရှိသလို မရေရာသောအခြေအနေဘဝများနှင့် အချည်းနှီးဖြစ်နေကြသူများလည်းရှိသည်။ တိုးတက်ပြောင်းလဲနေသော အခြေအနေအရ ပျက်စီးလွယ်သည့် အကြောင်းအမျိုးမျိုးတို့လည်းရှိနေသည်။ ထို့ကြောင့် ကလေးသူငယ် လူငယ်လူရွယ်တို့ကို အလေးအနက်ထား၍ ပြုစုပျိုးထောင်ပေးကြရပါမည်။

လူငယ်လူရွယ်များကို ပြုစုပျိုးထောင်ရာ၌ စဉ်ဆက်မပြတ် ပညာသင်ကြားသွန်သင်အမှာစကားနှင့် လေ့လာဆည်းပူးမှုများရှိနေရပါမည်။ ပညာသင်ချိန်အရွယ်တွင် ကျောင်းတက်ပညာဖက်ပြီး ကြိုးစားအားထုတ်နေရမည်ဖြစ်သလို ကျောင်းပိတ်ရက် အားလပ်သည့်အချိန်များ၌လည်း အကျိုးရှိရာအကျိုးရှိကြောင်း လေ့လာသင်ယူဆည်းပူးမှုများရှိနေရပါမည်။ ပညာသင်ချိန်ပြင်ပ အားလပ်သည့်အခါများ၌ ကြက်ခြေနီလူငယ်၊ ပရဟိတလူငယ်၊ ကင်းထောက်လူငယ်၊ အားကစားလူငယ်၊ ရေကြောင်းလူငယ်၊ လေကြောင်းလူငယ် စသည့်ပတ်ဝန်းကျင်ကောင်းများတွင် ကျင်လည်ကြသည့် လူငယ်များ၏ ပုံရိပ်များမှာ ကျက်သရေမင်္ဂလာရှိလှပါသည်။

နိုင်ငံတော်အစိုးရက လူငယ်များ၏ ပညာရေး၊ လူမှုရေး၊ အမျိုးသားရေး၊ စာရိတ္တမဏ္ဍိုင်မြင့်မားရေး စသည့်လုပ်ငန်းများကို နိုင်ငံတော် တာဝန်ယူဆောင်ရွက်သည့်အချိန်မှစ၍ အလေးထားဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။ ပညာရေးကဏ္ဍမြှင့်တင်ခြင်းလုပ်ငန်းများကို အလေးထားဆောင်ရွက်နေသည့်အပြင် ထူးချွန်ထက်မြက်သည့် ကျောင်းသား ကျောင်းသူလေးများ အနာဂတ်ကိုမျှော်မှန်းပြီး ပြည်ပသို့ ပညာသင်များ စေလွှတ်ပေးလျက်ရှိသည်။

ပြည်တွင်း၌ ကျောင်းအားလပ်ရက်ကာလများတွင် အကျိုးရှိထိရောက်စေရေးအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်လေးများ အခြေခံနှင့်တန်းမြင့် ရေကြောင်းလူငယ်၊ လေကြောင်းလူငယ် သင်တန်းများသို့ တစ်လတာတက်ရောက် လေ့လာဆည်းပူးခဲ့ကြသည်မှာ ဝမ်းမြောက်စရာဖြစ်သည်။ အဆိုပါလူငယ်လူရွယ်လေးများကို နိုင်ငံတော်အကြီးအကဲကိုယ်တိုင် နွေးထွေးစွာတွေ့ဆုံအားပေးခဲ့သဖြင့် ဝမ်းမြောက်ဂုဏ်ယူဖွယ်ဖြစ်ရသည်။ "နွေရာသီအားလပ်ရက်များကို အကျိုးမဲ့မဖြစ်စေဘဲ ယခုကဲ့သို့ သင်တန်းတက်ရောက်ခဲ့ခြင်းကြောင့်ရရှိသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း ခင်မင်ရင်းနှီးမှုများကို ဆက်လက်ထိန်းသိမ်းပြီး ပြည်ထောင်စုစိတ်ဓာတ်ကို မွေးမြူသွားကြရန်၊ မှန်ကန်သည့် အသိအမြင်များရရှိရန် စာကောင်းပေမွန်များကို ဖတ်ရှုပြီး မိဘဆရာသမားများ၏ ပြောဆိုဆုံးမမှုများအတိုင်း လိုက်နာနေထိုင်သွားကြရန်၊ မိမိတို့နေထိုင်ရာ နိုင်ငံတော်အပေါ်တွင် သစ္စာစောင့်သိပြီး သင်ယူတတ်မြောက်ခဲ့သည့် ပညာရပ်များနှင့် နောင်တစ်ချိန်တွင် တိုင်းပြည်ကအားကိုးအားထားပြုရမည့် သားကောင်း သမီးကောင်း ရတနာများဖြစ်အောင် ဆက်လက်ကြိုးစားသွားကြပါ"ဟု နိုင်ငံတော်အကြီးအကဲက တိုက်တွန်းမှာကြားခဲ့သည်။

သင်တန်းတက်ရောက်ခဲ့ကြသော လူငယ်မောင်မယ်များအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တာဝန်ရှိသူအားလုံးတို့ကို ကျေးဇူးတင်ရှိကြပြီး ဤသို့သင်တန်းတက်ရောက်ခွင့် ရခဲ့ကြသဖြင့် အချင်းချင်းစည်းလုံးညီညွတ်စွာ စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်များရရှိစေပြီး အမျိုးသားညီညွတ်ရေးအသိ၊ အမျိုးသားညီညွတ်ရေးသတိနှင့် အမျိုးသားညီညွတ်ရေးတန်ဖိုးဟူသည့် အသိပညာများကို လက်တွေ့သိမြင်ခွင့်ရခဲ့ကြသည်။ အမိနိုင်ငံတော်ကြီး၏ အနာဂတ်အတွက် လေးနက်ပြည့်ဝသည့် ပြည်ထောင်စုသွေး၊ ပြည်ထောင်စုစိတ်ဓာတ်များ ထက်သန်စီးဆင်းဖြစ်ပေါ်ခဲ့ရသည့်အတွက် နိုင်ငံတော်နှင့် လူငယ်မောင်မယ်များအတွက် တန်ဖိုးကြီးမားပြီး အဓိပ္ပာယ်ရှိသည့် အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းစေသော သင်တန်းများဖြစ်ကြောင်း လူငယ်မောင်မယ်များက ဖွင့်ဟပြောကြားခဲ့ကြသည်။

သို့ဖြစ်ရာ နိုင်ငံတော်က နွေရာသီကျောင်းပိတ်ရက်ကာလတွင် အကျိုးရှိထိရောက်စေသော ဤကဲ့သို့ သင်တန်းများအား ဖွင့်လှစ်သင်ကြားပေးခဲ့သဖြင့် လူငယ်မောင်မယ်များအနေဖြင့် နိုင်ငံတော်က အားထားရသည့် ဘာသာရပ်အလိုက်သက်ဆိုင်ရာပညာရှင်များ၊ နိုင်ငံတော်အကျိုးစီးပွားအတွက် ထိရောက်စွာ စွမ်းဆောင်ပေးနိုင်သည့် နိုင်ငံ့သားကောင်းရတနာများဖြစ်အောင် အစဉ်ကြိုးပမ်းသွားကြမည်ဖြစ်ကြောင်းနှင့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေးတွင် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် ပါဝင်ဆောင်ရွက်နိုင်ရေး ဆက်လက်ကြိုးပမ်းစွမ်းဆောင်သွားလိမ့်မည်ဟု ယုံကြည်ပါကြောင်း။ ။

## ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့





" သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး "

" Land restoration, desertification and drought resilience "

## ပညာရေးဝန်ကြီးဌာန
## "၂၀၂၄-၂၀၂၅ ပညာသင်နှစ်"
## ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

- ❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်းမပြုရ။
- ❖ ငွေကြေး/လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
- ❖ အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။
- ❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပေးပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။
- ❖ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။
- ❖ အသက်(၁၂)နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ရာနှုန်းပြည့် ထိုးနှံပြီးစီးနိုင်ရေး သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်းဆောင်ရွက်ရန်။

## ပညာရေးဝန်ကြီးဌာန
## ၂၀၂၄-၂၀၂၅ ပညာသင်နှစ်
## "အသိပေးကြေညာချက်"

- ☆ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG)သို့ အပ်နှံရန်။
- ☆ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1)သို့ အပ်နှံရန်။


ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - | ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - | ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် စာတည်းများ | - | ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာပြင် | - | ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| | | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| | | | အီးမေးလ်နှင့် အွန်လိုင်း | - | ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ အမှူးပြုသော ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာ ဘိဝံသထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီးတို့က ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တဇနိန္ဒထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီးတို့က ဆရာတော်ထံ လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးညိုစောနှင့် ဇနီးတို့က ဆရာတော်ထံ လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

❂ ရှေ့ဖုံးမှ

သံဃာတော် ၃၆ ပါး ကြွရောက် ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့် ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနား မစတင်မီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဂ္ဂါဓိပတိသာသနာ့ ဗိမာန်တော်ကြီးအတွင်းရှိ မာရဝိဇယ နောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးကပ်လှူပူဇော်သည်။

ထို့နောက် အခမ်းအနားကို "နမော တဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး အမှူးပြုသော ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ဘုရားကြီးထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော် အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။ **စာမျက်နှာ ၄ သို့** ❂



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်ပိုးရယ်အောင်သိန်း ဆရာတော်ထံ လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်း ဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေနှင့် ဇနီးတို့က ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်က ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးက ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်က ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

✪ စာမျက်နှာ ၃ မှ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံ လည်းကောင်း၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးတို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော်ကြီးထံ လည်းကောင်း၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီးတို့က ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော် နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒထံလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီးတို့က နိုင်ငံတော်ဩဝါဒါစရိယ တပ်ကုန်းမြို့ မဟာသီဟနာဒကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏ ထံလည်းကောင်း၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ အခမ်းအနားသို့ တက်ရောက်လာသည့် အကြီးအကဲများနှင့်ဇနီးများက ဆရာတော်ကြီးများထံ လည်းကောင်း လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

**အမျှပေးဝေ**

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြပြီး “ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု” သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းသည်။

အခမ်းအနား အပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်း ဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် ဆရာတော်ကြီးများအား နေ့ဆွမ်း ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညိုကြစဉ်။





# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ၊ ကောင်စီဝင်များနှင့်ဇနီးများက ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်

**နေပြည်တော် မေ ၂၂**

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ ၁၂ လရာသီပွဲတော်တွင် တစ်ခုအပါအဝင်ဖြစ်သည့် မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် ကဆုန်လပြည့်ဗုဒ္ဓနေ့ဖြစ်သော ယနေ့တွင် ကျရောက်သည့် ကဆုန်ညောင်ရေသွန်း ပွဲတော်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် မာရဝိဇယဗုဒ္ဓဥယျာဉ် ပရိဝုဏ်တော်အတွင်းရှိ မဟာဗောဓိ ညောင်ပင်တော်အား ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က မဟာဗောဓိ ညောင်ပင်တော်ကို ညောင်ရေ သွန်းလောင်းပူဇော်ကြသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီ အတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက် အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီ အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညိုကြသည်။

**ရွတ်ဖတ်ပူဇော်**

ယင်းနောက် ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ကျင်းပရာ "နမော တဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး အခမ်းအနားမှူးက မဟာဗောဓိရုက္ခသိဒ္ဓနပူဇာ ဂါထာတော်ကို ရွတ်ဖတ်ပူဇော်၍ သာဓုသုံးကြိမ် ခေါ်ဆိုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီး၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများသည် သတ်မှတ်ထားသည့်နေရာများအလိုက် နေရာယူကြပြီး မဟာဗောဓိညောင်ပင်တော်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကာ ညောင်ရေ သွန်းလောင်း ပူဇော်ကြသည်။ ဆက်လက်၍ မဟာဗောဓိ ညောင်ပင်တော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ရေသပ္ပာယ်တော်မူကြပြီး မဟာဗောဓိညောင်ပင်တော်အား လက်ယာရစ် လှည့်လည်ပူဇော်ကြသည်။

**ညောင်ရေသွန်းလောင်း**

ယင်းနောက် ဝတ်အသင်းအဖွဲ့များအလိုက် ယောဂီများက မဟာဗောဓိညောင်ပင်တော်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ပြီး ညောင်ရေသွန်းလောင်း ပူဇော်၍ အခမ်းအနားမှူးက အောင်ဆုမင်္ဂလာ အမျှဝေစာတမ်းအား ဖတ်ကြားပြီး ကုသိုလ်အမျှပေးဝေကြကာ "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ် ရွတ်ဆိုဆုတောင်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**စာမျက်နှာ ၆ သို့ ❖**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မဟာဗောဓိညောင်ပင်တော်အား ညောင်ရေသွန်းလောင်းပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် မဟာဗောဓိညောင်ပင်တော်အား ညောင်ရေသွန်းလောင်းပူဇော်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ကဆုန်လပြည့် (ဗုဒ္ဓနေ့) သရုပ်ပြယာဉ်များကို လှည့်လည်ကြည့်ရှုစဉ်။

❖ စာမျက်နှာ ၅ မှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဘုရားဖူးလာပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြပြီး ကဆုန်လပြည့်(ဗုဒ္ဓနေ့)သရုပ်ပြယာဉ်များကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ထို့ပြင် ဇေယျာသီရိမြို့နယ် လောကချမ်းသာဆုတောင်းပြည့် အသင်းဘုရားကြီးရှိ မဟာဗောဓိညောင်ပင်များကိုလည်း နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ အမှူးပြု၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ရေ၊လေ)မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရာရှိ၊ အရာခံ၊ အကြပ် စစ်သည်မိသားစုများက ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ခဲ့ကြသည်။

အဆိုပါ ကဆုန်လပြည့်နေ့သည် ဒီပင်္ကရာမြတ်စွာဘုရားက ဂေါတမဘုရား အလောင်းတော် သုမေဓာရှင်ရသေ့အား **"ဘဒ္ဒကမ္ဘာတွင် ဘုရားအဖြစ်ကိုရလိမ့်မည်"** ဟု ဗျာဒိတ်တော်စကား မိန့်ကြားတော်မူသောနေ့၊ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား ဖွားမြင်သောနေ့၊ သဗ္ဗညုဘုရားရှင်အဖြစ်သို့ ရောက်တော်မူသောနေ့၊ ပရိနိဗ္ဗာန်စံတော်မူသောနေ့။ ယင်းနေ့များသည် ကဆုန်လပြည့်နေ့များတွင်ပင်ဖြစ်သဖြင့် **"ဗျာဒိတ် ဖွားမြင် ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်း"** ဟု မှတ်တမ်းပြုကြပြီး **ကဆုန်လပြည့် (ဗုဒ္ဓနေ့)**ဟူ၍ ဗုဒ္ဓဘာသာဝင်များက နေ့ထူးနေ့မြတ်အဖြစ် အထွတ်အမြတ်ထား၍ ကျင်းပပူဇော်လေ့ရှိကြောင်း၊ ကဆုန်လပြည့်နေ့၏ ထူးခြားချက်မှာ ဂေါတမမြတ်စွာဘုရားသာလျှင်မကဘဲ သဗ္ဗညု မြတ်စွာဘုရားရှင်တို့၏ ဖွားမြင်တော်မူသောနေ့၊ ဘုရားဖြစ်တော်မူသောနေ့၊ ပရိနိဗ္ဗာန်ပြုသောနေ့များမှာလည်း ကဆုန်လပြည့်နေ့ပင် ဖြစ်၍ ကဆုန်လပြည့်နေ့ကို **"ဗုဒ္ဓနေ့"**ဟု သတ်မှတ်ခြင်း ဖြစ်ကြောင်း၊ ကဆုန်ညောင်ရေသွန်း ပွဲတော်သည် ကုသိုလ်ယူဖွယ်ရာ၊ ဝမ်းသာကြည်နူးဖွယ်ရာ ဘာသာရေးဆိုင်ရာ ပွဲတော်တစ်ခုဖြစ်သည့်အပြင် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်တစ်ရပ်အဖြစ် ကျင်းပပြုလုပ်သည့် ပွဲတော်ဖြစ်ကြောင်းနှင့် ကဆုန်လပြည့်နေ့မတိုင်မီ တစ်ရက်အလိုတွင် ညောင်ရေသွန်းလောင်းကြမည့် ညောင်ပင်များကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခြင်း၊ မဟာဗောဓိပင်ပလ္လင်တော်အား ကြည်ညိုဖွယ်ဖြစ်အောင် ပြင်ဆင်ခြင်း စသည့် ကုသိုလ်ယူဖွယ်များကို ပြုလုပ်လေ့ရှိကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ လောကချမ်းသာဆုတောင်းပြည့် အသင်းဘုရားကြီးရှိ မဟာဗောဓိညောင်ပင်အား ကဆုန်ညောင်ရေသွန်းလောင်းပူဇော်စဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် လောကချမ်းသာဆုတောင်းပြည့်အသင်းဘုရားကြီးရှိ မဟာဗောဓိညောင်ပင်အား ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်စဉ်။

**ကဆုန်လပြည့်နေ့သည် ဒီပင်္ကရာမြတ်စွာဘုရားက ဂေါတမဘုရားအလောင်းတော် သုမေဓာရှင်ရသေ့အား"ဘဒ္ဒကမ္ဘာတွင် ဘုရားအဖြစ်ကိုရလိမ့်မည်"ဟုဗျာဒိတ်တော်စကား မိန့်ကြားတော်မူသောနေ့၊ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားဖွားမြင်သောနေ့၊ သဗ္ဗညုဘုရားရှင်အဖြစ်သို့ ရောက်တော်မူသောနေ့၊ ပရိနိဗ္ဗာန်စံတော်မူသောနေ့။ ယင်းနေ့များသည် ကဆုန်လပြည့်နေ့များတွင်ပင်ဖြစ်သဖြင့် "ဗျာဒိတ် ဖွားမြင် ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်း"ဟု မှတ်တမ်းပြုကြပြီး ကဆုန်လပြည့် (ဗုဒ္ဓနေ့)ဟူ၍ ဗုဒ္ဓဘာသာဝင်များက နေ့ထူးနေ့မြတ်အဖြစ် အထွတ်အမြတ်ထား၍ ကျင်းပပူဇော်လေ့ရှိ**





၁၃၈၆ ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓနေ့) ဓမ္မသဘင်မင်္ဂလာအခမ်းအနားဆင်ယင်ကျင်းပစဉ်။

# ၁၃၈၆ ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓနေ့) ဓမ္မသဘင်မင်္ဂလာအခမ်းအနားဆင်ယင်ကျင်းပ

**နေပြည်တော်   မေ   ၂၂**

၁၃၈၆ ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓနေ့) ဓမ္မသဘင်မင်္ဂလာအခမ်းအနားကို ယနေ့ညပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ အဂ္ဂါဓိပတိသာသနဗိမာန်တော်၌ ဆင်ယင်ကျင်းပသည်။

**တက်ရောက်နာယူ**

အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်နိကာယဥက္ကဋ္ဌ သောဋသမ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇ မဟာရဋ္ဌ ဂုရု အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ သီတဂူ ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရ ကြွရောက်ချီးမြှင့်တော်မူပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှနှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီးဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ဝတ်အသင်းအဖွဲ့များ တက်ရောက်နာယူကြည်ညိုကြသည်။

ဦးစွာ အခမ်းအနားကို "နမော တဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး အမှူးပြုသော ဧည့်ပရိသတ်များက သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြပြီး သီတဂူဆရာတော်ကြီး ဟောကြားတော်မူသည့် ကဆုန်လပြည့် ဗုဒ္ဓနေ့ဆိုင်ရာ ဓမ္မကထာ ဒေသနာတော်ကို ရိုသေလေးမြတ်စွာ နာယူကြသည်။

ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် က ဓမ္မပူဇာအလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ကပ္ပိယကာရကအဖြစ် လက်ခံရယူပြီး သီတဂူဆရာတော်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ယင်းနောက် သီတဂူဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြပြီး "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဓမ္မပူဇာအလှူတော်ငွေများကို ပေးအပ်လှူဒါန်းစဉ်။



သီတဂူဆရာတော်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။



# မိုင်းယန်းမြို့၌ ကဆုန်လပြည့်နေ့ ညောင်ရေသွန်းလောင်းပွဲ စည်ကားစွာကျင်းပ

**မိုင်းယန်း   မေ   ၂၂**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းမြို့နယ်၌ ကဆုန်လပြည့်နေ့ ညောင်ရေသွန်းလောင်းပွဲကို ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများနှင့် တပ်ရင်းတပ်ဖွဲ့ဝင် မိသားစုများ စုပေါင်း၍ နယ်မြေခံတပ်ရင်းအတွင်းရှိ မြို့ဦးစွန်စနုတ်စေတီတော်မြတ်ကြီးဝင်းအတွင်းရှိ မဟာဗောဓိညောင်ပင်အား ကဆုန်ညောင်ရေ သွန်းလောင်းခဲ့ကြောင်း သိရသည်။

**ညောင်ရေသွန်းလောင်း**

အဆိုပါ ညောင်ရေသွန်းလောင်းရာတွင် မိုင်းယန်းခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်နှင့်ဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးနှင့် ဝန်ထမ်းများ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ အသင်းအဖွဲ့ဝင်များ၊ ဒေသခံ တိုင်းရင်းသားပြည်သူများနှင့် နယ်မြေခံတပ်ရင်း တပ်ဖွဲ့ဝင်မိသားစုများ စုပေါင်း၍ ကဆုန်ညောင်ရေ သွန်းလောင်း ကုသိုလ်ပြုခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး (၁၆)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနား ကျင်းပ

နေပြည်တော် မေ ၂၂

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး (၁၆)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့) ယနေ့ညနေပိုင်းတွင် အဆိုပါစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ မဟာဗောဓိညောင်ပင်တော်များ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့်ဇနီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများသည် တက်ရောက်လာကြသူများနှင့်အတူ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်တော်မြောက်ဘက်အရပ်ရှိ မဟာဗောဓိညောင်ပင်များအား ညောင်ရေသွန်းလောင်းပူဇော်ကြရန် နေရာယူကြပြီး အခမ်းအနားမှူးက မဟာဗောဓိရုက္ခသိဉ္စနပူဇာ ဂါထာတော်ကို ရွတ်ဖတ်ပူဇော်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများသည် တက်ရောက်လာကြသူများနှင့်အတူ သတ်မှတ်ထားသည့် နေရာများအလိုက် မဟာဗောဓိညောင်ပင်တော်များအား ညောင်ရေသွန်းလောင်းပူဇော်၍ အမွှေးနံ့သာရည်ပက်ဖျန်းပူဇော်ကြကာ မဟာဗောဓိညောင်ပင်များအား လက်ယာရစ်လှည့်လည်ပူဇော်ကြသည်။ သတင်းစဉ်



# နေပြည်တော်ကောင်စီဝင်များနှင့် ဇနီးများ သံဝေဇနိယလေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ)စေတီတော်များ၏ ပွင့်စေတီအနောက်အရပ်ရှိ မဟာဗောဓိညောင်ပင်တော်အား ကဆုန်ညောင်ရေသွန်းလောင်းပူဇော်

နေပြည်တော် မေ ၂၂

နေပြည်တော် ကောင်စီကကြီးမှူး၍ ကဆုန်လပြည့်(ဗုဒ္ဓနေ့) ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိသံဝေဇနိယလေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ) စေတီတော်များ၏အနောက်အရပ်ရှိမဟာဗောဓိညောင်ပင်တော်တွင် ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့်ဇနီး၊ နေပြည်တော် ကောင်စီဝင် ဦးဇေယျာလင်းနှင့်ဇနီး၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့်ဇနီး၊ နေပြည်တော်ကောင်စီဝင် ဦးမင်းဦး၊ နေပြည်တော်ကောင်စီဝင် ဦးဟန်သူနှင့်ဇနီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သံဝေဇနိယလေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ) ဂေါပကအဖွဲ့နှင့် ဝတ်ရွတ်အသင်းတို့ တက်ရောက်၍ ကဆုန်



ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ပြီး အခမ်းအနားမှူးက ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ရန်ပန်ကြားသည့် မဟာဗောဓိရုက္ခသိဉ္စနပူဇာ ဂါထာကို ဖတ်ကြားပူဇော်သည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက သတ်မှတ်ထားသည့် နေရာများအလိုက်မဟာဗောဓိညောင်ပင်တော်အား ကဆုန်ညောင်ရေသွန်းလောင်း၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြကာ မဟာဗောဓိညောင်ပင်ကိုလက်ယာရစ် လှည့်လည်ပူဇော်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# မွန်တိုင်းရင်းသား တိုင်းရင်းသူများ ကဆုန်ညောင်ရေသွန်းပွဲတော် ကျင်းပ

ရန်ကုန် မေ ၂၂

မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)က ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော အကြိမ်(၅၀)မြောက် မွန်ရိုးရာ ကဆုန်ညောင်ရေသွန်းပွဲတော်ကို ယနေ့(ကဆုန်လပြည့်နေ့) ညနေက ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အရှေ့တောင်ထောင့်ရှိ ဗောဓိညောင်ပင်တွင် ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ မွန်တိုင်းရင်းသား တိုင်းရင်းသူ ၂၅၀ တို့က ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ်လှည့်လည်ရှိခိုးကန်တော့ကြပြီး စေတီတော်မြတ်ကြီး၏ အရှေ့တောင်ထောင့်ရှိ ဗောဓိညောင်ပင်ကို ကဆုန်လပြည့်(ဗုဒ္ဓနေ့)အဖြစ် နံ့သာရည်များဖြင့် ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

ကဆုန်ညောင်ရေသွန်းပွဲ မကျင်းပမီ ယနေ့မွန်းလွဲပိုင်းက ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ မွန်ပိဋကတ်တိုက်ရှေ့တွင် မွန်လူငယ်မောင်မယ်များက ဘုရားဖူးလာသည့်ပရိသတ်များအား အချိုရည်ဒါနအဖြစ် တိုက်ကျွေးကြသည်။ မျိုးမင်းသူရ



# မက်မန်းမြို့နယ်၌ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု စစ်ဆေး



မက်မန်း မေ ၂၂

'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေများဖြင့် ရောင်အူဝကျေးရွာ၌ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယမန်နေ့နံနက်ပိုင်းက ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

## ကြည့်ရှုစစ်ဆေး

ထိုသို့ကွင်းဆင်းစစ်ဆေးရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်း၊ ခရိုင်ဦးစီးမှူး ဦးစိုင်းအောင်မျိုးထက်၊ မြို့နယ်ဦးစီးမှူး ဦးလှိုင်မင်းထွန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ရောင်အူဝကျေးရွာတွင် အလျား ၁၅ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ခြောက်ပေရှိ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးရေစုကန်အား ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန် တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် သိန်း ၇၀ ကို အသုံးပြုကာ ဦးစီးဌာနဝန်ထမ်းများနှင့် ကျေးရွာသူ ကျေးရွာသားများ ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာခိုင်နှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်သောကြောင့် အဆိုပါကျေးရွာရှိ အိမ်ခြေ ၃၈ အိမ်၊ လူဦးရေ ၂၈၈ ဦးတို့အတွက် နွေရာသီကာလအတွင်း ရေရှားပါးသည့် ပြဿနာများ ပြေလည်ကာ သန့်ရှင်းသော သောက်သုံးရေများ ရာသီမရွေး ဖူလုံစွာရရှိမည်ဖြစ်ကြောင်း သိရသည်။ ၂၂၂

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆီမီးတိုင်များဖြင့် လှည့်လည်ပူဇော်



**နေပြည်တော် မေ ၂၂**

မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတို့အား ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူများ စုပေါင်း၍ ဆီမီးတိုင်များဖြင့် လှည့်လည်ပူဇော်ခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်နှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်တို့တွင် ကျင်းပသည်။

**လှည့်လည်ပူဇော်**

ဦးစွာ ဗျာဒိတ်တော်ခံယူတော်မူခြင်း၊ ဖွားမြင်တော်မူခြင်း၊ ဘုရားပွင့်တော်မူခြင်းနှင့် ပရိနိဗ္ဗာန်စံတော်မူခြင်း စသည့်သရုပ်ပြယာဉ်များနှင့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများသည် ယာဉ်များဖြင့် တပေါင်းကွင်းစုရပ်မှ စတင်ထွက်ခွာကြပြီး ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကြသည်။

ထိုမှတစ်ဆင့် သရုပ်ပြယာဉ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများသည် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်သို့ ဆက်လက်ထွက်ခွာကြပြီး သရုပ်ပြယာဉ်များကို ဘုရားဖူးပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း အပူဇော်ခံရပ်နားထားရှိကာ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများက သာသနာ့အလံများနှင့် ဆီမီးတိုင်များကိုင်ဆောင်၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သတ်မှတ်လမ်းကြောင်းအတိုင်း လက်ယာရစ်လှည့်လည်ပူဇော်ကြသည်။

ထို့နောက် ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအနီးရှိ မဟာဗောဓိ ညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြပြီး မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်၌ ကျင်းပသည့် ကဆုန်လပြည့်(ဗုဒ္ဓနေ့) ဓမ္မသဘင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်၍ သီတဂူဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရ ဟောကြား ချီးမြှင့်တော်မူသည့် ကဆုန်လပြည့် (ဗုဒ္ဓနေ့)ဆိုင်ရာ ဓမ္မကထာဒေသနာတော်ကို ရိုသေလေးမြတ်စွာ နာယူကြသည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတို့အား ကဆုန်လပြည့် (ဗုဒ္ဓနေ့)တွင် ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၀၈၀ တို့က ဆီမီးတိုင်များဖြင့် လှည့်လည်ပူဇော်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**













# ကဆုန်လပြည့်(ဗုဒ္ဓနေ့) အထိမ်းအမှတ် စာတမ်းဖတ်ပွဲ ကျင်းပ

**နေပြည်တော် မေ ၂၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ကြီးမှူးကျင်းပသည့် ကဆုန်လပြည့် (ဗုဒ္ဓနေ့)အထိမ်းအမှတ် စာတမ်းဖတ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။



**တက်ရောက်**

အခမ်းအနားသို့ စာတမ်းဖတ်ပွဲသဘာပတိဆရာတော်ကြီးများဖြစ်ကြသည့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကေသရနှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒ၊ စာတမ်းရှင်ဆရာတော်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး သဘာပတိ ဆရာတော် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာ ဘဒ္ဒန္တကုမာရက အဖွင့်ဩဝါဒကထာ မိန့်ကြားချီးမြှင့်တော်မူသည်။

ထို့နောက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် (စစ်ကိုင်း) မှ ပါမောက္ခဆရာတော် ဒေါက်တာ ဘဒ္ဒန္တကဝိဓဇ က **"ကဆုန်လပြည့်နေ့တွင် ဗျာဒိတ်တော် ခံယူတော်မူခဲ့သည့် မြတ်ဗုဒ္ဓ၏ ထူးခြားဖြစ်စဉ်များနှင့် မဟာဗောဓိပူဇာ"** စာတမ်းနှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်မှ ပါမောက္ခ/ ဌာနမှူး ဆရာတော် ဒေါက်တာ ဘဒ္ဒန္တအာစိဏ္ဏ က **"အလောင်းတော်မြတ်၏ ပါရမီခရီး၊ ဝေဿန္တရာမင်းအဖြစ် မွေးဖွားခြင်း"** စာတမ်းတို့ကို ဖတ်ကြားကြပြီး စာတမ်းဖတ်ပွဲသို့ တက်ရောက်လာကြသူများက စာတမ်းများနှင့်စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းလျှောက်ထားကြရာ စာတမ်းရှင်ဆရာတော်များက ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် သဘာပတိ ဆရာတော် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကေသရက ဩဝါဒကထာ မိန့်ကြားချီးမြှင့်တော်မူသည်။

ဆက်လက်၍ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) အဘိဓမ္မပိဋကမဟာဌာန ပါမောက္ခ/ဌာနမှူးဆရာတော် ဒေါက်တာ ဘဒ္ဒန္တထေရိန္ဒ က **"သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ် ပွင့်တော်မူခြင်း"** စာတမ်းနှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ် (မန္တလေး) ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန၊ ကထိက ဆရာတော် ဘဒ္ဒန္တကေသရ က **"ဘုရင်ဗိမ္ဗိသာရနှင့် အနာထပိဏ်သူဌေးတို့၏ ဘဝနှင့် ဓမ္မကိုလေ့လာခြင်း"** စာတမ်းတို့ကို ဖတ်ကြားကြပြီး စာတမ်းဖတ်ပွဲသို့ တက်ရောက်လာကြသူများက စာတမ်းများနှင့်စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းလျှောက်ထားကြရာ စာတမ်းရှင်ဆရာတော်များက ပြန်လည်ဖြေကြားကြသည်။

ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သဘာပတိ ဆရာတော်ကြီးများနှင့် စာတမ်းရှင် ဆရာတော်များအား စာတမ်းဖတ်ပွဲအခမ်းအနား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် သဘာပတိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒက နိဂုံးချုပ် ဩဝါဒကထာ မိန့်ကြားချီးမြှင့်တော်မူပြီး အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)က ကဆုန်လပြည့်(ဗုဒ္ဓနေ့)ကဆုန်ညောင်ရေသွန်းပွဲ ကျင်းပ

**ရန်ကုန် မေ ၂၂**

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)က ကဆုန်လပြည့် (ဗုဒ္ဓနေ့) ကဆုန်ညောင်ရေသွန်းပွဲကို ယနေ့ညနေပိုင်းက ရွှေတိဂုံကုန်းမြေအသင်းရုံးရှိ မဟာဗောဓိညောင်ပင်၌ ကျင်းပရာ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းဥက္ကဋ္ဌ ဦးရဲထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး ဘုရားအနေကဇာတင်ခြင်းနှင့်ဥဒါန်းဂါထာတော်ကို ရွတ်ဆိုပူဇော်ကာ အခမ်းအနားသို့ တက်ရောက်လာကြသူများက ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းခဲ့ကြသည်။

**သတင်းစဉ်**



# နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် မေ ၂၂**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက် နေရာကွက်၍ မိုးကြီးနိုင်သည်။

**မိုး/ဇလ**

# မွန်ပြည်နယ်ဝန်ကြီးချုပ် မော်လမြိုင်မြို့ မဟာမြတ်မုနိရုပ်ပွားတော်မြတ်ကြီးအား မျက်နှာတော်သစ် ရောင်တော်ဖွင့်ခြင်း၊ ကဆုန်လပြည့်(ဗုဒ္ဓနေ့) ညောင်ရေသွန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနား တက်ရောက်

**မော်လမြိုင် မေ ၂၂**

မွန်ပြည်နယ် မော်လမြိုင်မြို့ တောင်ရိုးတန်းရှိ မဟာမြတ်မုနိ ရုပ်ပွားတော်မြတ်ကြီးအား မျက်နှာတော်သစ် ရောင်တော်ဖွင့် အခမ်းအနားကို ယနေ့နံနက်ပိုင်းက မဟာမြတ်မုနိ ရုပ်ပွားတော်မြတ်ကြီးကိန်းဝပ်စံပါယ်တော်မူရာ ဂန္ဓကုဋီတိုက်အတွင်း၌ ကျင်းပသည်။



**ရောင်တော်ဖွင့်ပူဇော်**

ဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ပြည်နယ်ဝန်ကြီးများက မဟာမြတ်မုနိ ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပူဇော်ခဲ့ကြပြီး မဟာမြတ်မုနိ ရုပ်ပွားတော်မြတ်ကြီးအား မျက်နှာတော်သစ် ရောင်တော်ဖွင့်ပူဇော်ခဲ့ကြသည်။ ထို့နောက် ညောင်ရေသွန်းပွဲ အခမ်းအနားကို မဟာမြတ်မုနိ ရုပ်ပွားတော်မြတ်ကြီး၊ အနောက်ဘက်မုခ်ရှိ မဟာဗောဓိညောင်ပင်၌ ကျင်းပရာ ဝတ်အသင်းအဖွဲ့များက နဂါး၊ ဂဠုန်၊ နတ်၊ ဗြဟ္မာအပေါင်းတို့အား ညောင်ရေသွန်းလောင်းကြွေးကြော်သံ ဂါထာတော်များ ရွတ်ဖတ်ပူဇော်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက မဟာဗောဓိညောင်ပင်အား အမွှေးနံ့သာရေများ ပက်ဖျန်းပူဇော် ညောင်ရေသွန်းလောင်းခဲ့ကြကာ ဆုတောင်းပတ္ထနာပြုဂါထာများ ရွတ်ဆိုပူဇော်ခြင်း၊ ဇယမင်္ဂလာ ဗောဓိယာအောင်ဂါထာကို ရွတ်ဆိုပူဇော်ခဲ့ကြသည်။

ယင်းနောက် ကဆုန်လပြည့် (ဗုဒ္ဓနေ့) ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို မော်လမြိုင်မြို့ မဟာမြတ်မုနိရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များက သံဃာတော် ၃၁၅ ပါးအား ဆွမ်းဆန်စိမ်းလောင်းလှူခဲ့ကြပြီး မော်လမြိုင်မြို့ သမိုင်းဝင် (လေးကျွန်းသစ္စာရှင်) နဂါးမောက် စေတီတော်မြတ်ကြီးသို့ သွားရောက်၍ စေတီတော်မြတ်ကြီးကို ဖူးမြော်ကြည်ညို၍ ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပူဇော်ခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ပြည်နယ်ဝန်ကြီးများက ပြည်နယ်သံဃနာယက အဖွဲ့ ဥက္ကဋ္ဌဆရာတော် မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက် အဘယသုတာရာမ စာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် ဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ ဘဒ္ဒန္တသာသန အရှင်သူမြတ် အမှူးရှိသော ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး လေးကျွန်းသစ္စာရှင် နဂါးမောက်စေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ်ပူဇော်ပြီး ဗောဓိညောင်ပင်အား ဘုရားဂုဏ်တော်အာရုံပြု၍ နံ့သာရေသွန်းလောင်းပူဇော်ကာ ဆရာတော် အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆံတော်ရှင် ကျိုက်သလ္လံ စေတီတော်မြတ်ကြီးရှိ မဟာဗောဓိညောင်ပင်အား အမွှေးနံ့သာရေများ ပက်ဖျန်းပူဇော်၍ ညောင်ရေသွန်းလောင်းခဲ့ကြပြီး ကျိုက်သလ္လံစေတီတော်မြတ်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ ဘုရားရင်ပြင်တော်အတွင်း ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

ဒေါက်တာထွန်းတင့်

## ပစောက်နှင့်ပေါင်၊ ဘကုန်းဘောင်၊ မှန်အောင် မည်သို့ခွဲမည်နည်း

(ယမန်နေ့မှအဆက်)

| သံနု၊ အနက်ရှိ | | သံထင်၊ အနက်မရှိ | |
|---|---|---|---|
| သံလျော့ | သံတင်း | သံလျော့ | သံတင်း |
| က | ခ | ဂ | ဃ |
| စ | ဆ | ဇ | ဈ |
| တ | ထ | ဒ | ဓ |
| ပ | ဖ | ဗ | ဘ |

သို့ရာတွင် လက်တွေ့အားဖြင့်ကား (က>ဂ၊ ခ>ဃ၊ စ>ဇ၊ ဆ>ဈ၊ တ>ဒ၊ ထ>ဓ၊ ပ>ဗ၊ ဖ>ဘ) စနစ်အတိုင်း အရေးပြောင်းသည် မဟုတ်ပါ။ (က/ခ>ဂ၊ စ/ဆ>ဇ/ဈ၊ တ/ထ>ဒ/ဓ၊ ပ/ဖ>ဗ/ဘ) ဟူသောစနစ်ဖြင့် ပြောင်းရေးနေခြင်း ဖြစ်ပါသည်။ ဆိုလိုသည်မှာ ကကြီးသည်လည်းကောင်း၊ ခခွေးသည်လည်းကောင်း ဂငယ်သို့ အလျဉ်းသင့်သလို ပြောင်းပါသည်။ ထို့အတူ စလုံးသည်လည်းကောင်း၊ ဆလိမ်သည်လည်းကောင်း ဇကွဲ သို့မဟုတ် ဈမျဉ်းဆွဲသို့၊ တဝမ်းပူသည်လည်းကောင်း၊ ထဆင်ထူးသည်လည်းကောင်း ဒထွေး သို့မဟုတ် ဓအောက်ခြိုက်သို့၊ ပစောက်သည်လည်းကောင်း၊ ဖဦးထုပ်သည်လည်းကောင်း ဗထက်ခြိုက် သို့မဟုတ် ဘကုန်းသို့ အလျဉ်းသင့်သလို ပြောင်းပါသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာဘာသာတွင် သံနု သံလျော့ နှင့် သံနုသံတင်းတို့သည် အသံထွက် ကွဲပြားကြသော်လည်း သံထင်သံလျော့နှင့် သံထင်သံတင်းတို့သည် အသံထွက် မကွဲပြားဘဲ အသံထွက်တူနေကြသောကြောင့် ဖြစ်ပါသည်။

"ပေါင်" နှင့် "ဘောင်" အရေးတွင် သတိထားမှတ်သားရန် အချက် ၂ ချက်ရှိပါသည်။

နံပါတ် ၁ အချက်မှာ ပစောက်သည် ပြောင်းထုံးစနစ်အရ ဗထက်ခြိုက်သို့ ပြောင်း၍ "ဗောင်" ဟု ရေးသင့်သော်လည်း အရေးတွင်ကျယ်မှုအရ "ဘောင်"ဟု ပြောင်းရေးခွင့်ပြုထားရသည်ဟူသော အချက်ဖြစ်ပါသည်။ (သာဓကအားဖြင့် – ပေါင်းကို ဗောင်း (ဗောင်းထုပ်)၊ ပန်းကို ဗန်း(ဗန်းခုံး)၊ ပြက်ကို ဗြက်(ဒု၊ ဗြက်၊ ဇောက်)၊ ပွေကို ဗွေ(ဗွေကြန်လက္ခဏာ)၊ ပွက်ကို ဗွက်(ရွှံ့တော ဗွက်တော) စသည်တို့တွင်ကား ပစောက်သည် ဗထက်ခြိုက်သို့ ပြောင်းပါသည်)။

နံပါတ် ၂ အချက်မှာ ကန်ပေါင်၊ ချိန်ခွင်ပေါင်၊ တံခါးပေါင်၊ ဓာတ်ပုံပေါင်၊ မြောင်းပေါင်၊ မှန်ပေါင် စသည်တို့တွင် အနက်စွဲ အတိုင်း ပစောက်ပေါင်ဖြင့်ရေး၍ အသံစွဲဖြင့် ရေးသောအခါတွင်မူ ဘကုန်းဘောင်ဖြင့် ရေးပြီး ဘောင်ခတ်သည်၊ ဘောင်ဝင်သည်၊ ဘောင်သွင်းသည်၊ လူ့ဘောင် နတ်ဘောင်၊ ဥပဒေဘောင်၊ ကျွန်းသားဘောင်၊ ပျဉ်းကတိုးဘောင် စသည်တို့တွင် ဘကုန်းဘောင်ဖြင့် ပြောင်းရေးရသည်ဟူသောအချက် ဖြစ်ပါသည်။

အထက်ဖော်ပြပါ ပစောက်ပေါင်နှင့် ဘကုန်းဘောင်အရေးနှစ်ရပ်တွင် ပစောက်ပေါင်၌သာ အနက်ရှိ၍ ဘကုန်းဘောင်၌ အနက်မရှိကြောင်း ရှေ့တွင်ဖော်ပြ ပြီးဖြစ်ပါသည်။ ထို့ကြောင့် ပစောက်ပေါင်၌သာ ကြံဆဖော်ထုတ်ရပါလိမ့်မည်။

ပစောက်ပေါင်၏အနက်မှာ "ကပ်၊ တွဲ၊ မြှောင်၊ ယှဉ်" ဖြစ်သည်။ ဤသို့ဖြင့် ကပ်ထားသောအရာ၊ တွဲထားသောအရာ၊ မြှောင်ထားသော အရာ၊ ယှဉ်ထားသောအရာကို ပေါင်ဟု ခေါ်ခြင်းဖြစ်သည်။ ကန်၏ ဘေးပတ်လည်တွင် ပေါင်မြှောင် တွဲကပ်ထားသောအရာကို ကန်ပေါင်၊ ချိန်ခွင်လျှာ၊ ဘေးနှစ်ဖက်တွင် ပေါင်မြှောင်တွဲကပ်ထားသောအရာကို ချိန်ခွင်ပေါင်၊ တံခါးပတ်လည်တွင် ပေါင်မြှောင်တွဲကပ်ထားသောအရာကို တံခါးပေါင်၊ ဓာတ်ပုံ၏ ဘေးပတ်လည်တွင် ပေါင်မြှောင်တွဲကပ်ထားသော အရာကို ဓာတ်ပုံပေါင်၊ မြောင်း၏ ဘေးနှစ်ဖက်တွင် ပေါင်မြှောင်တွဲကပ်ထားသောအရာကို မြောင်းပေါင်၊ မှန်၏ ဘေးပတ်လည်တွင် ကပ်မြှောင်တွဲကပ်ထားသောအရာကို မှန်ပေါင်ဟု ခေါ်ဝေါ်ရေးသားခြင်းဖြစ်ပေသည်။

ထိုပစောက်ပေါင်ကိုပင် အာဒိစကားလုံး (အစ စကားလုံး) အဖြစ်သုံးသောအခါ ဘကုန်းဖြင့် ဘောင်ဟု ခေါ်ဝေါ်ရေးသားပါသည်။ ဘကုန်းဘောင်၏ အဓိပ္ပာယ်မှာ ပေါင်၏ အဓိပ္ပာယ်ကဲ့သို့ပင် ထိန်းကွပ်ထားသော ပတ်လည်အနားသတ်ကိုလည်း ဟော၍ ထိုမှတစ်ဆင့် သတ်မှတ်ထားသော အပိုင်းအခြား၊ အဝန်းကိုလည်း ဟောပါသည်။ ထို့ကြောင့်လည်း ဘောင်ခတ်သည်၊ ဘောင်ဝင်သည်၊ ဘောင်သွင်းသည်၊ လူ့ဘောင်၊ နတ်ဘောင်၊ ဥပဒေဘောင် စသည့် ဝေါဟာရများကို ဘကုန်းဘောင်ဖြင့် ရေးသားခြင်းဖြစ်ပေသည်။

သို့ရာတွင် ကြေးဘောင်ဆိုသည်မှာ ကြေးဖြင့် ပြုလုပ်ထားသော ဘောင် ဖြစ်သည်။ သံဘောင်၊ သံမဏိဘောင်၊ ကျွန်းသားဘောင်၊ ပျဉ်းကတိုးဘောင်တို့သည် သံဖြင့်ပြုလုပ်ထားသောဘောင်၊ သံမဏိဖြင့် ပြုလုပ်ထားသောဘောင်၊ ကျွန်းသားဖြင့်ပြုလုပ်ထားသောဘောင်၊ ပျဉ်းကတိုးသားဖြင့်ပြုလုပ်ထားသောဘောင်များ ဖြစ်သည်။ ကြေး၊ သံ၊ သံမဏိ၊ ကျွန်းသား၊ ပျဉ်းကတိုးသားတို့တွင် ပေါင်မြှောင် ကပ်တွဲထားသောအရာများ မဟုတ်သဖြင့် ကြေးပေါင်၊ သံပေါင်၊ သံမဏိပေါင်၊ ကျွန်းသားပေါင်၊ ပျဉ်းကတိုးပေါင်စသည်ဖြင့် မရေးရခြင်းပင်ဖြစ်သည်။ တစ်နည်းဆိုသော် ကြေး၊ သံ၊ သံမဏိ၊ ကျွန်းသား၊ ပျဉ်းကတိုးသားတို့ ကိုယ်တိုင်ပင်လျှင် ဘကုန်းဖြင့်ရေးရသော "ဘောင်"များ ဖြစ်နေကြသောကြောင့်ပင်တည်း။

ထို့ကြောင့် "ပစောက်" နှင့် ပေါင်၊ ဘကုန်းဘောင်၊ မှန်အောင် မည်သို့ ခွဲမည်နည်း" ဟူသော အမေး၏ အဖြေကို အောက်ပါအတိုင်း မှတ်သင့်ပါ၏။

> ကန်ပေါင်၊ မြောင်းပေါင်၊ တံခါးပေါင်၊
> **သည်ပေါင်၊ ပစောက်တည်း။**
> ကြေးဘောင်၊ သံဘောင်၊ သစ်သားဘောင်၊
> **သည်ဘောင် ဘကုန်းတည်း။**

မြန်မာစာကို ချစ်မြတ်နိုးတတ်ပါစေ။

## နိုင်ငံတော်အစိုးရက ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

ရန်ကုန် မေ ၂၂

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့နေရပါက နိုင်ငံသားများအပေါ် အလေးအနက်တန်ဖိုးထားသည့်အနေဖြင့် မည်သို့သော အခြေအနေတွင် တွေ့ကြုံနေရသည့်တိုင် မြန်မာသံရုံးနှင့် သက်ဆိုင်ရာသံရုံးများ ချိတ်ဆက်ပြီး အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အေးချမ်းလုံခြုံစွာ အမြန်ဆုံးပြန်လည်ရောက်ရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာသံရုံးအနေဖြင့် ရီရတ်ဒ်မြို့ရှိ အာဏာပိုင်များနှင့်ညှိနှိုင်း၍ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ရာ မြန်မာနိုင်ငံသူ မအေးအေးပိုင်သည် မေ ၂၁ ရက်က ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့မှ ဒေသစံတော်ချိန် ည ၁၂ နာရီ မိနစ် ၅၀ တွင် လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာခဲ့ပြီး Muscat မြို့နှင့် ဗန်ကောက်မြို့တို့မှတစ်ဆင့် ရန်ကုန်မြို့သို့ ယနေ့နံနက် ၉ နာရီ ၅ မိနစ်တွင် ပြန်လည်ရောက်ရှိခဲ့သည်။

မြန်မာနိုင်ငံသူ မအေးအေးပိုင်သည် ရီရတ်ဒ်မြို့တွင် အလုပ်လုပ်ကိုင်စဉ် အလုပ်ပင်ပန်းမှု၊ အိမ်ရှင်နှင့် ဆက်ဆံရေး အဆင်မပြေမှုတို့ကြောင့် မြန်မာနိုင်ငံသို့ ပြန်လိုသည့်အတွက် အိမ်ရှင်မှ မြန်မာသံရုံးသို့ လာရောက်ပို့ဆောင်ခဲ့ရာ သံရုံးမှနေရာထိုင်ခင်းနှင့် စားသောက်ရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့သည်။ ဆော်ဒီအာရေဗျနိုင်ငံမှ အမြန်ဆုံးပြန်လည်ထွက်ခွာနိုင်ရန် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ ပြန်လည်ထွက်ခွာခွင့်(Exit Permit)ရရှိခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ အဆင်ပြေချောမွေ့စွာ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့တွင် အခက်အခဲကြုံတွေ့ခဲ့ရမှုကို မအေးအေးပိုင်က "ကျွန်မက မြင်းခြံမှာ နေပါတယ်။ ရီရတ်ဒ်မှာ လေးလအလုပ်လုပ်ခဲ့ပါတယ်။ ကိုယ့်မြန်မာနိုင်ငံနဲ့ မတူတဲ့ ယဉ်ကျေးမှု၊ အစားအသောက်၊ အနေအထိုင်၊ ဘာသာစကား စတဲ့အခက်အခဲတွေကြောင့် နေထိုင်ရတာအဆင်မပြေတဲ့အတွက် မြန်မာသံရုံးကို အကူအညီတောင်းခံပြီး ပြန်လာခဲ့တာပါ။



မအေးအေးပိုင်

မြန်မာအမျိုးသမီးများကို အကြံပေးလိုပါတယ်။ အတတ်နိုင်ဆုံး ပြည်ပမှာ အလုပ်လုပ်မယ်ဆိုရင် အဲဒီနိုင်ငံရဲ့အကြောင်းကို ပထမဆုံး ထဲထဲဝင်ဝင်သိရှိပြီးမှ သွားသင့်ပါတယ်။ ကိုယ့်နိုင်ငံထက် ဝင်ငွေကောင်းတယ်ဆိုတဲ့ ငါးစာတစ်ချက်နဲ့ နားမယောင်မိဖို့ တိုက်တွန်းလိုပါတယ်။ အမျိုးသားတွေထက်ပိုပြီး နစ်နာဆုံးရှုံးမှုများလို့ပါ။ မြန်မာသံရုံးကိုရောက်တော့ နေထိုင်စားသောက်ဖို့ အားလုံးစီစဉ်ပေးပါတယ်။ သံအမတ်၊ သံမှူးနဲ့ ဝန်ထမ်းများက နွေးနွေးထွေးထွေးနဲ့ ကူညီစောင့်ရှောက်ကြတော့ ဝမ်းနည်းဝမ်းသာဖြစ်ရပါတယ်။ အခုလို အမိနိုင်ငံကို ပြန်လည်ခြေချခွင့်ရအောင် အစစအရာရာ ကူညီစောင့်ရှောက်ပေးခဲ့ကြတဲ့ နိုင်ငံတော်အကြီးအကဲများနှင့် သံရုံးဝန်ထမ်းအားလုံးကို ဒီနေရာကနေ ကန်တော့ပါတယ်။ ပြောမပြတတ်အောင် အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများကို မြန်မာသံရုံး၏ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ကြပြီး ယခုလို အမိနိုင်ငံသူတစ်ဦး အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအပေါ် ကာယကံရှင်နှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရနှင့် မြန်မာသံရုံးတို့အား လှိုက်လှိုက်လှဲလှဲ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ – ကန္နး**

## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်

နေပြည်တော် မေ ၂၂

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက် အလယ်ပိုင်း၊ အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်းကမ်းလွန် – အင်ဒရာပရာဒေ့ရှ် တောင်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အရှေ့မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်း၌ မေ ၂၄ ရက်တွင် မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ထို့နောက် အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ မေ ၂၅ ရက် ညနေပိုင်းတွင် ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် မေ ၂၃ ရက်မှ ၂၇ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့နေရာများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်ပြီး လှိုင်းအမြင့်မှာ ကိုးပေမှ ၁၂ ပေခန့်ရှိနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်မှ ၅၅ မိုင်အထိ တိုက်ခတ်နိုင်ပြီး လှိုင်းအမြင့်မှာ ၁၃ ပေမှ ၁၆ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်သည်။ **မိုး/ဇလ**

# ကဆုန်လပြည့် (ဗုဒ္ဓနေ့)တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဘုရားစေတီပုထိုးများ၌ ကုသိုလ်ဒါနကောင်းမှုပြုကြသူများ၊ ညောင်ရေသွန်းလောင်းကြသူများဖြင့် စည်ကားများပြားလျက်ရှိ

ရန်ကုန် မေ ၂၂

ယနေ့သည် ဖွား၊ ပွင့်၊ ဟော၊ စံ ဗျာဒိတ်ခံသည့် ကဆုန်လပြည့်(ဗုဒ္ဓနေ့)ဖြစ်ပြီး ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ်ဖြစ်သည့် အားလျော်စွာ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဘုရားစေတီပုထိုးများ၌ ဥပုသ်သီတင်းဆောက်တည်ကြသူများ၊ ကုသိုလ်ဒါနကောင်းမှုပြုကြသူများ၊ ညောင်ရေသွန်းလောင်းကြသူများဖြင့် စည်ကားများပြားလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့တို့ ကြီးမှူးကျင်းပသည့် (၄၁)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၅ နာရီခွဲမှစတင်၍ ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာအသီးသီး၌ ကျင်းပသည်။



ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားများပြားနေသည်ကို တွေ့ရစဉ်။

### ဆက်ကပ်လှူဒါန်း

ဦးစွာ ရွှေတိဂုံစေတီတော်မြတ်ကြီးအား အရုဏ်ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းပွဲကို စေတီတော်ရင်ပြင်ရှိ ဧည့်ခံတန်ဆောင်း၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များက ဗုဒ္ဓပူဇာအဖြစ် ဗုဒ္ဓမြတ်စွာ ဘုရားရှင်အား အရုဏ်ဆွမ်းတော်ကြီးနှင့် ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီးများ ဆက်ကပ်လှူဒါန်းပူဇော်ပြီး စေတီတော်မြတ်ကြီးအား မြတ်ဘုရားရွှေတိဂုံဂါထာဖြင့် ရှိခိုးပူဇော်ခြင်း၊ နဝင်္ဂသီလခံယူဆောက်တည်ခြင်း၊ ဘုရားတရား၊ သံဃာဂုဏ်တော်များ ရွတ်ပွားပူဇော်ခြင်း၊ မေတ္တာဘာဝနာပွားများခြင်း၊ ဆုတောင်းအမျှဝေသာဓုခေါ်ဆိုခြင်းတို့ ဆောင်ရွက်ကြသည်။

ယင်းနောက် ဂေါပကအဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များသည် (၄၁) ကြိမ်မြောက် ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ပွဲ ကျင်းပရန် စေတီတော်ရင်ပြင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း စုရပ်မှ ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကြပြီး အခမ်းအနားကျင်းပမည့် ရောင်တော်ဖွင့်တန်ဆောင်း၌ နေရာယူကြသည်။

ဆက်လက်၍ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများက ပရိဘောဂစေတီ(မဟာဗောဓိညောင်ပင်)အား ဗုဒ္ဓါဘိသေက မင်္ဂလာအနေကဇာတင်လှူပူဇော်ကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ နိုင်ငံတော် ဗဟိုသံဃဝန်ဆောင် စမ်းချောင်းမြို့နယ် နေနတ်သားစာသင်တိုက် ပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ သုစိတ္တထံမှ ဧည့်ပရိသတ်များက နဝင်္ဂသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးလှမြင့်က ဗောဓိရုက္ခဥဒက ပူဇာမင်္ဂလာစာတမ်းလွှာကို ဖတ်ကြားလျှောက်ထားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းမှူးနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ တာဝန်ရှိသူများက ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ နိုင်ငံတော် ဗဟိုသံဃဝန်ဆောင် ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ သ.စ.အ ဓမ္မာစရိယ ဝဋံသကာပါဠိပါရဂူ စေတိယင်္ဂဏပဝရ သိရီမဟာဓမ္မဂုရု ဘဒ္ဒန္တနာရဒါဘိဝံသ (လှရတနာဆရာတော်)ထံမှ အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့ ဗုဒ္ဓစွယ်တော်တိုက်မှ ဧည့်သည်တော်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် ဘုရားဖူးလာပြည်သူများက ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြသည်။



ရွှေတိဂုံစေတီတော်မြတ်ကြီး (၄၁)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်စဉ်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးနှင့် တာဝန်ရှိသူများသည် ဆူးလေစေတီတော်၊ ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်၊ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့တို့က ကြီးမှူးကျင်းပသည့် ကဆုန်လပြည့် (ဗုဒ္ဓနေ့) ညောင်ရေသွန်းလောင်းပူဇော်ပွဲများသို့ သွားရောက်ကြပြီး စေတီတော်ရှိဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဖူးမြော်ကြည်ညိုကြ၍ မဟာဗောဓိညောင်ပင်များအား ဘုရားဖူးလာပြည်သူများနှင့်အတူ ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

အလားတူ လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ရှေးဟောင်း သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်၊ ရွှေဘုန်းပွင့်စေတီတော်၊ ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၊ မဟာဝိဇယစေတီတော်၊ သမိုင်းဝင် မဟာဓမ္မရံသီအိမ်တော်ရာစေတီတော်၊ ကျိုက္ကဆံစေတီတော်၊ ဆုတောင်းပြည့်မယ်လမုစေတီတော်၊ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ ကိုးထပ်ကြီးဘုရားတို့၌လည်း သက်ဆိုင်ရာ စေတီတော်ဂေါပကအဖွဲ့ဝင်များ ကြီးမှူး၍ ညောင်ရေသွန်းလောင်းပူဇော်ပွဲများ ကျင်းပကြရာ ဆရာတော်ကြီးများထံမှ သီလခံယူခြင်း၊ ပရိတ်တရားတော်နှင့် ရေစက်ချတရားများနာယူခြင်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ကပ်လှူပူဇော်ခြင်းများ ဆောင်ရွက်ကြပြီး ဘုရားဖူးလာပြည်သူများနှင့်အတူ မဟာဗောဓိပင်များအား ညောင်ရေသွန်းလောင်းကြကြောင်း သိရသည်။

ယနေ့ ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဘုရားစေတီပုထိုးများ၌ ဘုရားဖူးလာပြည်သူများအား အလှူရှင်များက စတုဒိသာများ ကျွေးမွေးလှူဒါန်းကြရာ အထူးစည်ကားများပြားလျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ – ဇော်မင်းလတ်(MNA)**



ရွှေတိဂုံစေတီတော်မြတ်ကြီး (၄၁)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲအခမ်းအနားတွင် ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် ဘုရားဖူးလာပြည်သူများ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်စဉ်။



ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရစဉ်။

# ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် မန္တလေးမြို့ လေးပြင်လေးရပ်ရှိ ဆရာတော်၊ သံဃာတော် ၁၀၂၇၂ ပါးအား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လောင်းလှူပွဲအခမ်းအနား ကျင်းပ



**မန္တလေး မေ ၂၂**

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ နေ့ထူးနေ့မြတ်ဖြစ်သော ၁၃၈၆ ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓနေ့) ယနေ့နံနက် ၆ နာရီတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အလှူရှင်များက ကြီးမှူး၍ မန္တလေးမြို့ လေးပြင်လေးရပ်မှ ဆရာတော်၊ သံဃာတော် ၁၀၂၇၂ ပါးအား ပင့်ဖိတ်၍ ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မ အလှူငွေများ လောင်းလှူပွဲ အခမ်းအနားကို မန္တလေးမြို့ ကျုံးအရှေ့ဘက် (အရှေ့ပြင်)၊ အနောက်ဘက် (အနောက်ပြင်)၊ တောင်ဘက် (တောင်ပြင်)နှင့် မြောက်ဘက် (မြောက်ပြင်)တို့ရှိ သတ်မှတ် မင်္ဂလာမဏ္ဍပ်များ၌ တစ်ချိန်တည်း တစ်ပြိုင်တည်း ကျင်းပသည်။

**တက်ရောက်ကြည်ညို**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးဆောင်၍ အလှူရှင်များက သာသနာတော်နှစ် ၂၅၆၇ နှစ်ပြည့်ပြီး ၂၅၆၈ နှစ်သို့ ကူးပြောင်းရောက်ရှိမှု အထိမ်းအမှတ်နှင့် နိုင်ငံသူ နိုင်ငံသားများ ဘေးအန္တရာယ် ကင်းရှင်းစေရန် ရည်ရွယ် ကျင်းပခြင်းဖြစ်ပြီး ဆွမ်းလောင်းလှူပွဲ အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ ဓမ္မိကာရာမတိုက် မိတ္ထီလာကျောင်း ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တသုဇနပီယ၊ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ တိုင်းဒေသကြီး/ မြို့နယ် သံဃနာယကအဖွဲ့ ဆရာတော်ကြီးများ၊ မန္တလေးမြို့ လေးပြင်လေးရပ်ရှိ ပရိယတ္တိစာသင်တိုက်ကြီးများမှ ဆရာတော်ကြီးများ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်နှင့် ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများနှင့် ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ မန္တလေးမြို့ လေးပြင်လေးရပ်တို့မှ ကြွရောက်တော်မူလာကြသော ဆရာတော်၊ သံဃာတော် ၁၀၂၇၂ ပါးတို့သည် ကျုံးလေးပြင်လေးရပ်ရှိ မင်္ဂလာမဏ္ဍပ် အသီးသီးတို့နှင့် ယာယီသီတင်းသုံးနေရာများတွင် သီတင်းသုံးတော်မူကြသည်။

ထို့နောက် မင်္ဂလာမဏ္ဍပ် အသီးသီး၌ နမောတဿသုံးကြိမ် ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ဆရာတော်ကြီးများထံမှ ဥပ္ပဲ့ပရိသတ်များက ငါးပါးသီလ ခံယူကြကာ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ ရွတ်ပွားသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြ၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများက ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြပြီး ဆရာတော်ကြီးများထံမှ အနုမောဒနာ ရေစက်ချတရားနာယူကြသည်။

ယင်းနောက် မန္တလေးမြို့ လေးပြင်လေးရပ်ရှိ ဆရာတော်၊ သံဃာတော် ၁၀၂၇၂ ပါးတို့အား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ လောင်းလှူပွဲကို တစ်ပြိုင်တည်းကျင်းပကြရာ သတ်မှတ်ထားသည့် ဥပါသကာအဖွဲ့များက အစီအစဉ်များအတိုင်း ဆရာတော်ကြီးများအား ပင့်ဆောင်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ အလှူရှင် ပြည်သူများက ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မ အလှူငွေများကို တစ်ပြိုင်တည်း လောင်းလှူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် မန္တလေးမြို့လုံးအနှံ့ ဗောဓိညောင်ပင်များအား ညောင်ရေသွန်းလောင်းသူများ၊ ဆွမ်းဆန်စိမ်းလောင်းလှူ ကုသိုလ်ပြုသူများဖြင့် အထူးစည်ကား

**မန္တလေး မေ ၂၂**

ကဆုန်လပြည့်(ဗုဒ္ဓနေ့)သည် ထေရဝါဒဗုဒ္ဓဘာသာဝင်များအတွက် မင်္ဂလာရှိသော နေ့ထူးနေ့မြတ်ဖြစ်သည်နှင့်အညီ မန္တလေးမြို့ပေါ်ရှိ တန်ခိုးကြီးဘုရားစေတီပုထိုးများ၌ ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ပွဲများနှင့် ပရိဘောဂစေတီထိုက်သော ဗောဓိညောင်ပင်တို့အား ညောင်ရေသွန်းလောင်းပူဇော်ပွဲများ ကျင်းပခြင်း၊ မန္တလေးမြို့လုံးအနှံ့တွင် ကုသိုလ်ရှင်များက ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်များလောင်းလှူခြင်းနှင့် စတုဒိသာကျွေးမွေးလှူဒါန်း ကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိသည်။

ယနေ့နံနက် ၄ နာရီတွင် မဟာမုနိရုပ်ရှင်တော်မြတ်အား ရေတော်ဆရာတော်အမှူးပြု၍ ဘုရားကြီးမျက်နှာသစ်တော်ဝတ်အဖွဲ့က မျက်နှာသစ်တော်မူပြီး ဂေါပကအဖွဲ့ဝင်များ၊ ရဟန်းရှင်လူပြည်သူများ၊ ဓမ္မစကြာဝတ်အသင်းများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာသူများက ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ဆွမ်း၊ ရေချမ်း၊ ပန်းကပ်လှူပူဇော်ခြင်း၊ ခုနစ်နေ့နံဘုရားများတွင် ရေသပ္ပာယ်ခြင်း၊ ဥပုသ်သီလဆောက်တည်ကြခြင်းများအပြင် မဟာမုနိပရိဝုဏ်အတွင်း အင်္ဂါထောင့်ရှိ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်သူများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် ကဆုန်လပြည့်(ဗုဒ္ဓနေ့)ဆိုင်ရာ မင်္ဂလာအခမ်းအနားများကို ဘာသာရေးဆိုင်ရာ ထုံးတမ်းအစဉ်အလာများနှင့်အညီ မန္တလေးတိုင်းဒေသကြီး





အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ကျင်းပရာ နံနက် ၆ နာရီမှစတင်၍ နန်းမြို့ရိုးတစ်ဖက်လျှင် သံဃာတော် ၂၅၆၈ ပါးစီဖြင့် မန္တလေးမြို့ ကျုံးလေးပြင်လေးရပ်တွင် သံဃာတော် ၁၀၂၇၂ ပါးအား ဆွမ်း၊ ဆွမ်းဟင်း၊ နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပူဇော်ပွဲများကို သတ်မှတ်မင်္ဂလာမဏ္ဍပ်များ၌ တစ်ချိန်တည်း တစ်ပြိုင်တည်း ကျင်းပရာ ဌာနဆိုင်ရာများ၊ လူမှုအသင်းအဖွဲ့များနှင့် စေတနာရှင်ပြည်သူများ တက်ရောက်ကြည်ညိုကြပြီး ဆရာတော်၊ သံဃာတော်များအား ဆေးဝါးများနှင့် လှူဖွယ်ပစ္စည်းများကို သဒ္ဓါတရားထက်သန်စွာဖြင့် လောင်းလှူကြသည့် ပုံရိပ်များသည်လည်း ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ကြည်ညိုဖွယ်ရာမြင်ကွင်းအဖြစ် တွေ့မြင်ကြရသည်။

အလားတူ မန္တလေးမြို့တွင်းရှိ ရွှေကျီးမြင်ဘုရား၊ ဘုရားနီဘုရား၊ ဆုတောင်းပြည့်ဆုတောင်းရဘုရား၊ ကျောက်တော်ကြီး၊ ကုသိုလ်တော်၊ သကျသီဟဘုရား၊ ကျောက်စိမ်းစေတီတော်၊ အောင်တော်မူမြတ်စွာဘုရား၊ ချမ်းသာကြီးဘုရားနှင့် ချမ်းသာရဘုရားတို့တွင်လည်း ဘုရားဖူးလာသူများ၊ ညောင်ရေသွန်းလောင်းသူများဖြင့် အထူးစည်ကားလျက်ရှိပြီး အလှူရှင်များကလည်း စတုဒိသာကြာဆံဟင်း၊ ရေသန့်၊ အချိုရည်များဖြင့် လှူဒါန်းတိုက်ကျွေးကြသည်။

ထို့အတူ မဟာအောင်မြေမြို့နယ် ဗောဓိကုန်းရပ်တွင် တည်ရှိသော မင်းတုန်းမင်းတရားကြီး စိုက်ပျိုးလှူဒါန်းခဲ့သည့် ဗောဓိညောင်ပင်၊ မန္တလေးတောင်ခြေရှိ မဟာဗောဓိညောင်ပင်တို့တွင်လည်း ညောင်ရေသွန်းလောင်းပူဇော်ပွဲများကျင်းပကြပြီး ညောင်ရေသွန်းလောင်းပူဇော်ကြသူများနှင့် ဘုရားဖူးလာပြည်သူများကို အလှူရှင်များက အအေးစတုဒိသာများဖြင့် တိုက်ကျွေးကုသိုလ်ပြုကြသည်။

ညနေပိုင်းတွင်လည်း မြို့နယ်၊ ရပ်ကွက်များရှိ ဘုရားများတွင် စိုက်ပျိုးထားရှိသည့် မဟာဗောဓိညောင်ပင်များ၌လည်း ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ကာ ကုသိုလ်ကောင်းမှုပြုလုပ်သူများဖြင့် မန္တလေးမြို့လုံးအနှံ့ စည်ကားလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်**

## အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ကြည့်ရှုအားပေး

ပဲခူး မေ ၂၂

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့်အတူ မေ ၂၁ ရက်နံနက်ပိုင်းက ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်၍ (၁၈) ကြိမ်မြောက် အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား လစဉ်ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခြင်းကို ကြည့်ရှုအားပေးသည်။

**အားပေးစကားပြောကြား**

ဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူးမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ကျန်းမာရေးစောင့်ရှောက်မှု ခံယူကြသည့် အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးဝန်ထမ်းများက စမ်းသပ်စစ်ဆေးကုသပေးနေမှု၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပရဟိတအဖွဲ့အစည်းများက ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးနေမှုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်စီစဉ်မှုဖြင့် တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိ ပြည်သူ့ဆေးရုံကြီးများ၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား လစဉ်ကျန်းမာရေးစောင့်ရှောက်မှု စစ်ဆေးပေးခြင်း၊ လူနာတစ်ဦးလျှင် အခမဲ့ဆေးဝါး တစ်လစာထောက်ပံ့ပေးခြင်း၊ အခြေခံစားသုံးကုန်များကို သက်သာသောနှုန်းထားဖြင့် ရောင်းချပေးခြင်းအပြင် လူနာစောင့်များအတွက် နေ့စဉ် ထမင်းနှင့်ဟင်းအား အထူးသက်သာသောနှုန်းထားဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း၌ စုစုပေါင်း အငြိမ်းစားနိုင်ငံ့ဝန်ထမ်း ၆၃၀၀၀ ကျော်ရှိပြီး ပဲခူးမြို့နယ်အတွင်း၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်း ၁၂၀၀၀ ကျော် နေထိုင်လျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)





## မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် အခြေခံစက်ချုပ်သင်တန်းဆင်းပွဲအခမ်းအနား တက်ရောက်

မကွေး မေ ၂၂

မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ နွေရာသီကျောင်းပိတ်ရက်ကာလ၌ လူငယ်ကဏ္ဍဆိုင်ရာကိစ္စရပ်များ အရှိန်တိုးမြှင့်ဆောင်ရွက်နိုင်ရေး အခြေခံစက်ချုပ်သင်တန်းဆင်းပွဲအခမ်းအနားကို မေ ၂၁ ရက်က အဆိုပါရုံးသင်တန်းခန်းမ၌ ကျင်းပသည်။

**ပေးအပ်ချီးမြှင့်**

ဦးစွာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က အမှာစကားပြောကြားသည်။ ယင်းနောက် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်က ထူးချွန်သင်တန်းသူများအား အပ်ချုပ်စက်ကိုလည်းကောင်း၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်က သင်တန်းဆင်းအောင်လက်မှတ်များကိုလည်းကောင်း၊ လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်က သင်တန်းထွက်ကုန်ချောပစ္စည်းများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ရာ သင်တန်းသူများက လက်ခံရယူကြသည်။

ထို့နောက် သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားအပြီးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် သင်တန်းသူများကိုယ်တိုင် ရက်လုပ်ထားသည့် အဝတ်အထည်များကို လှည့်လည်ကြည့်ရှုခဲ့သည်။

**သင်ကြားပို့ချ**

အဆိုပါသင်တန်းတွင် သင်တန်းသူ ၂၀ အား သင်တန်းနည်းပြ သုံးဦးက ရင်ဖုံး၊ ရင်စေ့၊ ရင်ဖြတ်ဆက်၊ ထဘီ၊ ချိတ်စကတ်၊ အင်္ကျီ၊ ဘောင်းဘီချုပ်လုပ်နည်းတို့ကို ဧပြီ ၂၃ ရက်မှ မေ ၂၁ ရက် အထိ တစ်လကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မော်လမြိုင်ခရိုင်၌ သဲကန္တာရတိုက်ဖျက်ရေးနှင့်မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး အသိပညာပေးစကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

မော်လမြိုင် မေ ၂၂

ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး အသိပညာပေး စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့မွန်းလွဲပိုင်းက မော်လမြိုင်ခရိုင် လူထုအခြေပြု ဇဟိုဌာနခန်းမ၌ ကျင်းပသည်။




**ဆွေးနွေး**

ထို့နောက် မွန်ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ပြည်နယ်ရုံးက ဦးစီးအရာရှိ ဒေါ်မြတ်စုမွန်နှင့် ကျိုက်မရောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုမြတ်မြတ်ထွေး၊ မော်လမြိုင်ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ရွှေဝတ်မှုံနှင့် ချောင်းဆုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိသူဇာ၊ မုဒုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိုးမိုးစန္ဒာထွန်းနှင့် သံဖြူဇရပ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သင်းသင်းမော်၊ မော်လမြိုင်မြို့နယ် တာဝန်ခံ ဦးသက်နိုင်နှင့် မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးအေးမွန်တို့က ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဖြစ်ပေါ်လာပုံအကြောင်း၊ ၂၀၂၄ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဆောင်ပုဒ်ဖြစ်သည့် သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး ဆိုသည့် ဆောင်ပုဒ်အဖြစ် ပေးရခြင်း၏ ရည်ရွယ်ချက်၊ သဲကန္တာရ ဖြစ်ထွန်းခြင်းနှင့် မိုးခေါင်ခြင်းအပေါ် အကျိုးသက်ရောက်မှုများ၊ သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်မှုကို မည်သို့မည်ပုံ တိုက်ဖျက်ရမည်နည်းလမ်း စသည်တို့ကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## ဇလွန်မြို့နယ်၌ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ဇလွန် မေ ၂၂

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် သစ်တောဦးစီးဌာန၏ ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲများနေ့ အထိမ်းအမှတ် မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၇ နာရီက ညောင်ပင်ဈေးရပ်ကွက် မဟာနာဂဝံသ သိမ်ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

အဆိုပါ မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့်အဖွဲ့ဝင်များ၊ ခရိုင် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးစည်သူထက်နှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ စုပေါင်း၍ ကျွန်းပင် ၂၀၊ မန်ကျည်းပင် ၈၀၊ ပျဉ်းကတိုးပင် ၇၀၊ ယူကလစ်ပင် ၈၀၊ မဟော်ဂနီပင် ၅၀၊ ရေတမာပင် ၃၀၊ မယ်ဇယ်ပင် ၂၀၊ ကံ့ကော်ပင် ၃၀၊ ခရေပင် ၃၀၊ ပိတောက်ပင် ၄၀ စုစုပေါင်းပျိုးပင် ၄၅၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရွှေဘိုခရိုင်အတွင်း မုန်တိုင်းဒဏ်ကြောင့် သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်

ရွှေဘို မေ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်း မုန်တိုင်းဒဏ်ကြောင့် သီးနှံများပျက်စီးဆုံးရှုံးမှု မရှိစေရေး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနက ကြိုတင်သတိပေးခြင်း၊ နှိုးဆော်ပညာပေးခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ကွင်းဆင်းပညာပေး**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ လာမည့်ရက်ပိုင်းအတွင်း မုန်တိုင်းအဆင့်သို့ ရောက်ရှိလာနိုင်မည်ဟု ခန့်မှန်းချက်များအရ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ရွှေဘိုခရိုင်အတွင်း နွေသီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး တောင်သူများ ကြိုတင်သိရှိပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် ကြိုတင်သတိပေးခြင်း၊ ပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ဝက်လက်မြို့နယ်တွင် နွေနှမ်းစိုက်ခင်းများ ပျက်စီးဆုံးရှုံးမှု မရှိစေရေးအတွက် စိမ့်မြောင်း၊ပတ်မြောင်းများ အချိန်နှင့်တစ်ပြေးညီ ပြုလုပ်နိုင်စေရန် ကွင်းဆင်းပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အေးမြသက်ထား

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏။**

# ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ကဆုန်လပြည့် ( ဗုဒ္ဓနေ့) ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပွဲအခမ်းအနား၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ကဆုန်ညောင်ရေသွန်းပွဲအခမ်းအနားများ ကျင်းပ

**ပုသိမ် မေ ၂၂**

၁၃၈၆ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့) ညောင်ရေသွန်းပွဲတော် ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပွဲနှင့် ရေစက်ချမင်္ဂလာအခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၏ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်ရှိ ဦးမောင်ကြီးအာရုံခံတန်ဆောင်း၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ ဩဝါဒစရိယဆရာတော်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ ပုသိမ်လေတပ်စခန်းဌာနချုပ်မှူးနှင့် ဇနီး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာများတက်ရောက်ခဲ့ကြသည်။

ဦးစွာ ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပွဲနှင့် ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားအား ကြွရောက်တော်မူလာကြသော ဩဝါဒစရိယ ဆရာတော်ကြီးများက ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းမှူးနှင့်ဇနီး၊ ပုသိမ်လေတပ်စခန်းဌာနချုပ်မှူးနှင့်ဇနီးတို့က ဩဝါဒစရိယဆရာတော်ကြီးများအား အရှဏ်ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်ဩဝါဒစရိယ ပုသိမ်မြို့ နိဂြောဓာရုံညောင်ပင်သာပရိယတ္တိ စာသင်တိုက် ပဓာနနာယကဆရာတော် အဘိဇမဟာရဋ္ဌဂုရု အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိသုတ မဟာထေရ်မြတ်ထံမှ ဝန်ကြီးချုပ်နှင့်ဧည့်ပရိသတ်များက အနုမောဒနာတရားများနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

**လောင်းလှူပူဇော်**

ဆက်လက်၍ ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်၌ မြတ်စွာဘုရားအမှူးပြုသော သံဃာတော်အပါး၂၂၀၊ သီလရှင် ၁၂၄ ပါး စုစုပေါင်း ၂၃၄၄ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနားကို ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းမှူးနှင့်ဇနီး၊ ပုသိမ်လေတပ်စခန်းဌာနချုပ်မှူးနှင့်ဇနီး၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ အလှူရှင်များက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပူဇော်ခဲ့ကြသည်။



ဆက်လက်၍ ညနေပိုင်းတွင် ပုသိမ်မြို့ ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး၏အရှေ့တောင်ဘက် အင်္ဂါထောင့်ရှိ မဟာဗောဓိပင်တော် အမှတ်(၁)နှင့် မဟာဗောဓိပင်တော် အမှတ်(၂)တို့တွင် ကဆုန် ညောင်ရေသွန်းလောင်းပူဇော်ပွဲကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မဟာဗောဓိညောင်ပင်အား ကဆုန်ညောင်ရေသွန်းလောင်းပူဇော်၍အမွှေးနံ့သာရည်များ ပက်ဖျန်းခဲ့ကြသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကယားပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ဆုတောင်းပြည့်မြို့နာမ်စေတီတော်၌ ကဆုန်လပြည့် (ဗုဒ္ဓနေ့) ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပူဇော်ပွဲ၊ ညောင်ရေသွန်းလောင်းပူဇော်ပွဲနှင့် ဆွမ်းဆန်တော်ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

**လွိုင်ကော် မေ ၂၂**

သာသနာတော်နှစ် ၂၅၆၇ ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓနေ့)တွင် ကယားပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ပွဲ၊ ညောင်ရေသွန်းလောင်း ပူဇော်ပွဲနှင့် ဆွမ်းဆန်တော်ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားများကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ဆုတောင်းပြည့် မြို့နာမ်စေတီတော်မြတ်ကြီးနှင့် သာသနဗိမာန်တော်၌ ကျင်းပသည်။




ဦးစွာ ဆုတောင်းပြည့် မြို့နာမ်စေတီတော်မြတ်ကြီးအား သံဃာတော်အရှင်သူမြတ် ၁၁ ပါးတို့က ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ကြသည်။

ထို့နောက် ဝတ်အသင်းများက ညောင်ရေတော်လှူဒါန်းဂါထာနှင့် ပလ္လင်အောင်ဂါထာများကို ရွတ်ဆိုပူဇော်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်ဦးဆောင်၍ အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ၊ ဘုရားဖူးပြည်သူများနှင့် ဝတ်အသင်းများက မြို့နာမ်စေတီတော် ပရိဝုဏ်အတွင်းရှိ ဂြိုဟ်နံဘုရားများအား ရေသပ္ပါယ်ပူဇော်ခြင်းနှင့် မဟာဗောဓိညောင်ပင်တော်၌ ညောင်ရေသွန်းလောင်းပူဇော်ခဲ့ကြသည်။

**ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ လွိုင်ကော်မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များအတွက် ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်းပွဲ ကျင်းပရာ ကြွရောက်လာကြသည့် ဆရာတော် အရှင်သူမြတ်များအား ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များက "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ဓမ္မဂုဏ်ရည်ကျောင်း ဆရာတော် ဘဒ္ဒန္တဓမ္မာဝုဓ အရှင်သူမြတ်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ခဲ့ကြသည်။ ထို့နောက် သံဃာတော် အရှင်သူမြတ်များ ရွတ်ပွားတော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား ဝတ္ထုငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် အနုမောဒနာတရား နာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြပြီး "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းကာ ဆရာတော် သံဃာတော်များ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါ ဆွမ်းဆန်တော်ဆက်ကပ်လှူဒါန်းပွဲတွင် လွိုင်ကော်မြို့ရှိ ဘုန်းတော်ကြီးကျောင်းများအတွက် ဆွမ်းဆန်တော်များနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခဲ့ကြပြီး ပြည်နယ်အစိုးရအဖွဲ့နှင့် စေတနာရှင်ပြည်သူများ၏ စုစုပေါင်းလှူဒါန်းမှုတန်ဖိုးမှာ ငွေကျပ် ၉၉၁၇၀၀၀ ဖြစ်ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

# မော်လမြိုင်ကျွန်း၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ပေးအပ်

**မော်လမြိုင်ကျွန်း မေ ၂၂**

မော်လမြိုင်ကျွန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရုံးမှ ပန်းခင်းစီမံချက် (၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား နေ့ချင်းပြီးဆောင်ရွက်ခြင်းကို မေ၂၁ ရက် နံနက်ပိုင်းက မော်လမြိုင်ကျွန်းမြို့နယ် တယ်ချောင်းကျေးရွာအုပ်စု ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ကျင်းပသည်။




ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟဇော်နှင့် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ ဦးစီးမှူး ဦးစောဝဏ္ဏတို့က နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ခြင်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

**နေ့ချင်းပြီးဆောင်ရွက်ပေး**

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟဇော်၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူးတို့က တယ်ချောင်းကျေးရွာအုပ်စုမှ ဒေသခံပြည်သူ ၅၀ တို့အား နိုင်ငံသား စိစစ်ရေးကတ်နှင့် ပြည်သူ ၁၉ ဦးတို့အား အိမ်ထောင်စု လူဦးရေစာရင်းကို နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မော်ကျွန်း(မြင့်အောင်)**

# ငါးသိုင်းချောင်းမြို့၌ အသက် ၇၀ နှင့်အထက် အဘိုးအဘွားများအား ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းဆောင်ရွက်

**ငါးသိုင်းချောင်း မေ ၂၂**

ဧရာဝတီ တိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေး ဌာနတွင် အသက် ၇၀ နှင့်အထက် ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်ခြင်းကို ယနေ့နံနက် ၈ နာရီက ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့အုပ်ချုပ်ရေးမှူး ဦးရဲထက်အောင်၏ ဦးဆောင်မှုဖြင့် မြို့ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့ဆရာဝန် ဒေါက်တာသန့်ဇော်ထွန်းနှင့်ကျန်းမာရေးဝန်ထမ်းများက အဘိုးအဘွားများအား သွေးပေါင်ချိန်ခြင်း၊ ဆေးပေးခြင်း၊ ဆေးထိုးခြင်းစသည့်လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပြီး မြို့မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နှင်းဝေလွင်နှင့် အလှူရှင်များက အလှူငွေများနှင့် အာဟာရများ ကျွေးမွေးလှူဒါန်းခဲ့ကြသည်။

ငါးသိုင်းချောင်းမြို့တွင် အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း မိခင်နှင့်ကလေး ကျန်းမာရေးဌာန၌ အသက် ၇၀ နှင့်အထက် အဘိုးအဘွားများအား ကျန်းမာရေးပြုစုစောင့်ရှောက်ပေး လျက်ရှိပြီး ယနေ့တွင် အဘိုးအဘွား ၉၂ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





# စိန်ရတု ပအိုဝ်းအမျိုးသားနေ့ကို ဂုဏ်ပြုလှူဒါန်းသည့် ခေါင်းလောင်းတော်ကြီး ဖွင့်ပွဲအခမ်းအနား ကျင်းပ

သထုံ မေ ၂၂

မွန်ပြည်နယ် သထုံမြို့နယ်၌ (၇၅)နှစ်မြောက် စိန်ရတုပအိုဝ်းအမျိုးသားနေ့ကို ဂုဏ်ပြုသောအားဖြင့် သမိုင်းဝင်လေးဆူဓာတ်စံ ရွှေစာရံစေတီတော်မြတ်ကြီး စနေထောင့်ရှိ ရင်ပြင်တော်ပေါ်၌ ထားရှိလှူဒါန်းသည့် စိန်ရတုခေါင်းလောင်းတော်ကြီး ဖွင့်ပွဲအခမ်းအနားကို ကဆုန်လပြည့်(ဗုဒ္ဓနေ့) နံနက်ပိုင်းက စေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်ရှိ သုဝဏ္ဏဘူမိသာသနာ့ဗိမာန်တော်၌ ကျင်းပသည်။

အခမ်းအနားတွင် ပအိုဝ်းသံဃာတော်များနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်တို့က ခေါင်းလောင်းတော်ကြီးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်း၊ သံဃာတော်များက စက်ခလုတ်နှိပ်ဖွင့်လှစ်ကြပြီး အမွှေးနံ့သာရည်များပက်ဖျန်းခြင်း၊ အသံတော်ဖွင့် တီးခတ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပအိုဝ်းသက္ကရာဇ် ၂၇၁၅ ခုနှစ် တပေါင်းလပြည့်နေ့၌ ကျင်းပပြီးစီးခဲ့သည့် စိန်ရတု ပအိုဝ်းအမျိုးသားနေ့ကို ဂုဏ်ပြုသောအားဖြင့် ပအိုဝ်းတိုင်းရင်းသားများစုပေါင်းကာ ခေါင်းလောင်းတော်ကြီးသုံးလုံးကို လှူဒါန်းခဲ့ကြပြီး သထုံရွှေစာရံစေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်၌ ထားရှိသည့် အဆိုပါ ခေါင်းလောင်းတော်မှာ ကြေးပိဿာချိန် ၇၇၅ ပိဿာရှိကာ ခေါင်းလောင်းတော်ထားရှိသည့် အဆောက်အအုံ အပါအဝင် တန်ဖိုးငွေစုစုပေါင်း ငွေကျပ်သိန်း ၅၅၀ ကုန်ကျခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ရှေးဟောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၌ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် ကဆုန်လပြည့်နေ့ ညနေပိုင်းက ဘုရားဖူးပြည်သူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားနေသည်ကို တွေ့ရစဉ်။

စိုးမြင့်အောင်

# ကဆုန်လပြည့်(ဗုဒ္ဓနေ့) ကဆုန်ညောင်ရေသွန်းပွဲတော်အား တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပ

နေပြည်တော် မေ ၂၂

ကဆုန်လပြည်နေ့ ဖြစ်သည့် ယနေ့သည် ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့ဘဝတွင် ဒီပင်္ကရာမြတ်ဘုရား ခြေတော်ရင်း၌ နိယတဗျာဒိတ်ပန်းဆင်မြန်းခဲ့သောနေ့ဖြစ်ခြင်း၊ သိဒ္ဓတ္ထမင်းသားအဖြစ် ဖွားမြင်သောနေ့ဖြစ်ခြင်း၊ မြတ်စွာဘုရားရှင်သည် ဗောဓိဟူသည့် သဗ္ဗညုတဉာဏ်တော်ကို ရရှိပြီး ဘုရားအဖြစ်သို့ ရောက်ရှိတော်မူသော နေ့ဖြစ်ခြင်းနှင့် မြတ်ဘုရားပရိနိဗ္ဗာန်စံဝင်တော်မူသောနေ့ဖြစ်ခြင်းတို့ကြောင့် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့အတွက် အလွန်ပင် ထူးခြားမွန်မြတ်သည့် နေ့ထူးနေ့မြတ်ဖြစ်သည်။

မဟာဗောဓိပင် ဆိုသည်မှာ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား ဖွားမြင်တော်မူသောနေ့တွင် အတူတကွဖြစ်ထွန်းပေါ်ပေါက်ခဲ့သည့် ဖွားဖက်တော် ခုနစ်ပါးထဲတွင် တစ်ပါးအပါအဝင်ဖြစ်ပြီး သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်ရှိစေရန် များစွာအထောက်အကူပြုခဲ့သည့်အတွက် မဟာဗောဓိပင်သည် ပရိဘောဂစေတီထိုက်သော စေတီတော်တစ်ဆူလည်းဖြစ်သည်။ ကဆုန်လသည် မြေဓာတ်တွင် ရေပြတ်လပ်သည့်နွေကာလဖြစ်သည့်အတွက် ဗောဓိပင်တော်များကို ကဆုန် ညောင်ရေသွန်းလောင်းခြင်းသည် မဟာဗောဓိပင်များ စိမ်းလန်းစိုပြည်၍ အခက်အလက်တို့ ဝေဆာစေခြင်း၊ သက်တမ်းရှည်စေခြင်းနှင့်သက်တော်ထင်ရှားရှိသော ဘုရားရှင်အား ပူဇော်ရာ ရောက်ခြင်းတို့ကြောင့် တည်ငြိမ်အေးချမ်း၍ သာယာဝပြောသော နိုင်ငံအဖြစ် တည်ရှိစေရုံသာမက နိုင်ငံသူ၊ နိုင်ငံသားများအားလုံးကိုလည်း နှလုံးစိတ်ဝမ်းအေးချမ်းစေလျက် တူညီသောအကျိုးတရားများကို ဖြစ်ထွန်းစေမည်ဖြစ်သည်။





ကဆုန်ညောင်ရေသွန်းလောင်းခြင်းသည် ညောင်ပင်များကို ညှိုးနွမ်းခြောက်သွေ့ခြင်း မရှိဘဲ ရှင်သန်သကဲ့သို့ ဘုရားရှင်၏ သာသနာတော်သည် ရှင်သန်လျက်ရှိနေမည်သာဖြစ်ပါကြောင်းနှင့် ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ကဆုန်လပြည့်နေ့တွင် မဟာဗောဓိပင်ကို အမှီပြု၍ သဗ္ဗညုတရှေးညာဏ်တော်ကို ရရှိတော်မူခဲ့ခြင်းကြောင့် ဗုဒ္ဓဘာသာဝင်များက မြတ်စွာဘုရားရှင်အား ရည်မှန်းအာရုံပြု၍ ကျင်းပလေ့ရှိသည့် မြန်မာ့ရိုးရာ ဆယ့်နှစ်လရာသီပွဲတော်များအနက် "ကဆုန်လပြည့်(ဗုဒ္ဓနေ့) ကဆုန်ညောင်ရေသွန်းပွဲတော်" ကို အစဉ်အလာအရ ကျင်းပသည့် ပွဲတော်အဖြစ် သတ်မှတ်ခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။

ထိုသို့ ကဆုန်ညောင်ရေသွန်းလောင်းပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဘုရားပုထိုးစေတီများ၌ ထုံးတမ်းစဉ်လာများအတိုင်း ယနေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ကြရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများ၊ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြပြီး သတ်မှတ်နေရာများအလိုက် မဟာဗောဓိပင်များကို ညောင်ရေ သွန်းလောင်းလှူကြ၍ အမွှေးနံ့သာရည်များ ပက်ဖျန်းခြင်းများကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

## ကုသိုလ်ဒါန သီလပွားများ

ထို့ပြင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဥပုသ်သီလဆောက်တည်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၌ ကုသိုလ်ဒါန သီလပွားများခြင်းစသည့် သူတော်ကောင်းတရားများကို အားထုတ်ဆောင်ရွက်ကြသည့်အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌လည်း အများပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် စည်ကားသိုက်မြိုက်စွာ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ကျိုက္ခမီမြို့၌ ကဆုန်ညောင်ရေသွန်းပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ



သံဖြူဇရပ် မေ ၂၂

ကဆုန်လပြည့်(ဗုဒ္ဓနေ့)၌ မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့တွင် ယနေ့ညနေ ၅ နာရီက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဆုတောင်းပြည့်ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီးဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့တို့က ဦးဆောင်၍ ကျိုက္ခမီမြို့ ဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်မြတ် ဘုရားကြီး၏ ကုန်းတော်ပေါ်ရှိ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ဦးစွာအခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ပြီး အနောက်အရပ်မှ နဂါးအဖွဲ့၊ မြောက်အရပ်မှ ဂဠုန်အဖွဲ့၊ တောင်အရပ်မှ နတ်အဖွဲ့၊ အရှေ့အရပ်မှ ဗြဟ္မာအဖွဲ့တို့က သက်ဆိုင်ရာဂါထာတော်များ ရွတ်ဆိုပူဇော်၍ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းခဲ့သည်။

## အထူးစည်ကား

အခမ်းအနားအပြီးတွင် ညောင်ရေသွန်းလောင်း ပွဲတော်သို့ လာရောက်ကြသည့် ပြည်သူများအား ကျိုက္ခမီမြို့ မြို့ပေါ်ရပ်ကွက်အသီးသီးမှ ညောင်ရေသွန်းလောင်းအဖွဲ့များက ဇာတ်လမ်းတေးသရုပ်ဖော်များ၊ ဆင်က၊ မြင်းကများနှင့် အငြိမ့်ပြဇာတ်များဖြင့် အသီးသီးဖျော်ဖြေတင်ဆက်ပေးသည့်အပြင် ချစ်ပန်းဆုဝေဇာတ်ပွဲဖြင့်လည်း ကပြဖျော်ဖြေပေးခဲ့သဖြင့် ကဆုန်ညောင်ရေသွန်းပွဲတော်လာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# နိုင်ငံတစ်ဝန်း ကဆုန်လပြည့် (ဗုဒ္ဓနေ့) ညောင်ရေသွန်းလောင်းပူဇော်ပွဲများကျင်းပ



မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သာသနဗိမာန်ဝင်းအတွင်းရှိ ဗောဓိညောင်ပင်တွင် မေ ၂၂ ရက် မွန်းလွဲပိုင်းက ညောင်ရေသွန်းလောင်းပူဇော်ပွဲ ကျင်းပစဉ်။

မြို့နယ်(ပြန်/ဆက်)



ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများက ဟိုပုံးမြို့ သီရိမင်္ဂလာရွှေချမ်းသာမွေတော်ဘုရားကြီးကို လက်ယာရစ်လှည့်လည်ပူဇော်စဉ်။ ပအိုဝ်းဒေသ(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့တွင် ညောင်ရေသွန်းပွဲမင်္ဂလာအခမ်းအနားကို မေ ၂၂ ရက်က အနန္တဂုဏလောကမာရဇိန် ဘုရားဝင်းရှိ မဟာဗောဓိညောင်ပင်၌ ကျင်းပစဉ်။ မြို့နယ်(ပြန်/ဆက်)



ကဆုန်လပြည့်နေ့ ကဆုန်ညောင်ရေသွန်းလှူဒါန်းပူဇော်ပွဲကို ပုလောမြို့ အရှေ့ကျောင်းတိုက်မြို့ကျက်သရေစေတီတော်ရှိ မဟာဗောဓိပင်တွင် မေ ၂၂ ရက်က ကျင်းပစဉ်။ အေးအေးမော်(ပုလော)



ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့၌ (၁၄)ကြိမ်မြောက် အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ခြင်းနှင့် ကဆုန်ညောင်ရေသွန်းလောင်းပွဲကို မေ ၂၂ ရက် နံနက် ၉ နာရီက တာချီလိတ်ရွှေတိဂုံဘုရားပရိဝုဏ်တွင် ကျင်းပစဉ်။ ခရိုင်(ပြန်/ဆက်)



ဆုတောင်းပြည့်မယ်လမုစေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ဆုတောင်းပြည့်မယ်လမုစေတီတော်မြတ်ကြီး၏ (၅၄) ကြိမ်မြောက်ကဆုန်ညောင်ရေသွန်းပွဲတော်ကို မေ ၂၂ ရက် နံနက်ပိုင်းက အဆိုပါစေတီတော်ရင်ပြင်တော်၌ကျင်းပစဉ်။ မြင့်လွင်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်ပေါ်ရှိ မဟာဗောဓိညောင်ပင်၌ မေ ၂၂ ရက်က (၂၃) ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ ကျင်းပစဉ်။ ဉာဏ်ဟိန်း



ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် တုံစင့်ကျေးရွာအုပ်စုတွင် ရပ်နီးရပ်ဝေးအလှူရှင်များနှင့် ဒေသခံရှမ်း၊ ပလောင်၊ ဗမာတို့စုပေါင်း၍ ကဆုန်လပြည့်(ဗုဒ္ဓနေ့)အထိမ်းအမှတ် မဟာဗောဓိပင်အား ကဆုန်ညောင်ရေသွန်းလောင်းပွဲ ကျင်းပစဉ်။ ၂၁၀



မေ ၂၂ရက် (ကဆုန်လပြည့်နေ့) က စမ်းချောင်းမြို့နယ် အတုလာဓိပတိမဟာမုနိသကျကိုးထပ်ကြီး ဘုရား၌ ညောင်ရေသွန်းလောင်းသူများဖြင့် စည်ကားများပြားနေသည်ကို တွေ့ရစဉ်။

တင်ဝင်းတင်



မွန်ပြည်နယ် သထုံမြို့၏ ကျက်သရေဆောင် လေးဆူဓာတ်စံ ရွှေစာရံစေတီတော်မြတ်ကြီးတွင် ကဆုန်လပြည့် (ဗုဒ္ဓနေ့) ၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ညောင်ရေသွန်းပွဲတော်ကို စေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်ရှိ ဗောဓိညောင်ပင်၌ ကျင်းပစဉ်။ ခရိုင်(ပြန်/ဆက်)

## စစ်တွေမြို့၌ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ပဋ္ဌာန်းသိမ်းအောင်ပွဲနှင့် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ ကျင်းပ

စစ်တွေ မေ ၂၂

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ပဋ္ဌာန်းသိမ်းအောင်ပွဲနှင့် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ အခမ်းအနားကို ကဆုန်လပြည့် (ဗုဒ္ဓနေ့) ယနေ့ နံနက်ပိုင်းက စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီး လိုဏ်ဂူတော်အတွင်း၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်အဖွဲ့သည် လောကာနန္ဒာစေတီတော်မြတ်ကြီး လိုဏ်ဂူတော်အတွင်းရှိ ဗုဒ္ဓဆင်းတုတော်များအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြသည်။

ယင်းနောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ပဋ္ဌာန်းသိမ်းအောင်ပွဲနှင့် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲအခမ်းအနားကျင်းပရာ ပြည်နယ်သြဝါဒါစရိယ စစ်တွေမြို့ နန္ဒာရာမပရိယတ္တိစာသင်တိုက် ပဓာနနာယက၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တနန္ဒသိရီမဟာထေရ်မြတ်ထံမှ ပြည်နယ်ဝန်ကြီးချုပ် အမှူးပြုသော ဒာယကာဒာယိကာမများက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များက ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်ကြသည်။

ဆက်လက်၍ ဒက္ခိဏာရာမပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တမေဃိယက အနုမောဒနာဂါထာကို ဖတ်ကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် လောကာနန္ဒာစေတီတော်မြတ်ကြီး ပရိဝုဏ် အရှေ့မြောက်ထောင့်ရှိ မဟာဗောဓိပင်များကို ကဆုန်ညောင်ရေသွန်းလောင်းပွဲတော်ကျင်းပရာ အမှတ်(၁) မဟာဗောဓိပင်အား သံဃာတော်အရှင်သူမြတ်များက ဦးဆောင်၍ ညောင်ရေသွန်းလောင်းပူဇော်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက အမှတ်(၂) မဟာဗောဓိပင်သို့ ညောင်ရေသွန်းလောင်းပူဇော်ခဲ့ကြကြောင်း သိရ သည်။

ပြည်နယ်(ပြန်/ဆက်)



## ရှမ်းပြည်နယ်တွင် ပိဋကတ်သုံးပုံ ကျမ်းစာအုပ်များလှူဒါန်းခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်းနှင့် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ ကျင်းပ

တောင်ကြီး မေ ၂၂

ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ကဆုန်လပြည့် (ဗုဒ္ဓအခါတော်နေ့)တွင် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းဝင် ဆရာတော်ကြီးများထံမှ သြဝါဒခံယူခြင်းနှင့် ပိဋကတ်သုံးပုံ ကျမ်းစာအုပ်များ လှူဒါန်းခြင်း၊ ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ဆွမ်းဆန်စိမ်း လောင်းလှူခြင်းနှင့် ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ပွဲကို ယနေ့ နံနက် ၆ နာရီက တောင်ကြီးမြို့ စူဠာမုနိ လောကချမ်းသာစေတီတော် ဓမ္မာရုံ၌ ကျင်းပသည်။



အခမ်းအနားတွင် တောင်ကြီးမြို့ပေါ်ရှိ ဆရာတော်၊ သံဃာတော် ၁၀၈ ပါးအား ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက အရဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

**လှူဖွယ်ဝတ္ထုပစ္စည်းများလှူဒါန်း**

ထို့နောက် ဆရာတော်၊ သံဃာတော်များအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျမ်းစာအုပ်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များက ဆရာတော်၊ သံဃာတော် ၁၀၈ ပါးအား စူဠာမုနိ လောကချမ်းသာ စေတီတော်ရင်ပြင်တွင် ဆွမ်းဆန်စိမ်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ကဆုန်လပြည့် (ဗုဒ္ဓအခါတော်နေ့)တွင် စူဠာမုနိ လောကချမ်းသာစေတီတော်မြတ်ကြီးရှိ ပရိဘောဂစေတီခေါ် မဟာဗောဓိပင်အား ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များက ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ကချင်ပြည်နယ်တွင် ကဆုန်လပြည့်(ဗုဒ္ဓနေ့)အခမ်းအနားနှင့် ညောင်ရေသွန်းပွဲတော်ကျင်းပ

မြစ်ကြီးနား မေ ၂၂

ကဆုန်လပြည့် (ဗုဒ္ဓနေ့)နှင့် ညောင်ရေသွန်းပွဲတော် အခမ်းအနားကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရှေးဟောင်းသမိုင်းဝင် လောကမာန်အောင်စေတီတော်ဝင်းအတွင်း ယနေ့ နံနက် ၈ နာရီက ကျင်းပသည်။

**သွန်းလောင်းပူဇော်**

ယင်းနောက် စေတီတော်ဝင်းအတွင်းရှိ မဟာဗောဓိညောင်ပင်ခြေရင်း၌ ကဆုန်ညောင်ရေသွန်းလောင်းပွဲတော်ကိုကျင်းပရာ ဆရာတော်အရှင်သူမြတ်များက ဦးဆောင်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မဟာဗောဓိညောင်ပင်အား ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ခဲ့ကြသည်။

အဆိုပါ ကဆုန်လပြည့်(ဗုဒ္ဓနေ့)နှင့် ကဆုန်ညောင်ရေသွန်းပွဲတော်ကို ရှေးဟောင်းသမိုင်းဝင် လောကမာန်အောင်စေတီတော်၊ လျောင်းတော်မူ၊ ရပ်တော်မူဘုရားတို့တွင် ကဆုန်ညောင်ရေသွန်းလောင်းလှူသူများ၊ ပန်း၊ ဆီမီး၊ ရေချမ်း ကပ်လှူပူဇော်သူများ၊ ကုသိုလ်ကောင်းမှုပြုသူများ၊ ဈေးဆိုင်ခန်းငယ်များဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)





## တနင်္သာရီတိုင်းဒေသကြီးတွင် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ ကျင်းပ

ထားဝယ် မေ ၂၂

တနင်္သာရီတိုင်း ဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ အခမ်းအနားကို ကဆုန်လပြည့် (ဗုဒ္ဓနေ့) ယနေ့ နံနက်ပိုင်းက ထားဝယ်မြို့ ကျက်သရေဆောင် လောကမာရဇိန်ဘုရားကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက လောကမာရဇိန် ဘုရားကြီးဝင်းအတွင်း ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီးမီးကပ်လှူပူဇော်ပြီး ကဆုန်လပြည့်(ဗုဒ္ဓနေ့) အထိမ်းအမှတ် အဖြစ် အလှူတော်ငွေ ကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဘုရားကြီးဂေါပကအဖွဲ့က လက်ခံရယူသည်။

**ညောင်ရေသွန်းလောင်း**

ထို့နောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲကို မဟာဗောဓိပင်၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများက မဟာဗောဓိပင်တော်အား ညောင်ရေသွန်းလောင်း ပူဇော်ခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# လူငယ်နှင့်စာဖတ်ခြင်း (စာကြည့်တိုက်ယဉ်ကျေးမှုအစ စာသင်ကျောင်းက)

မြင့်မောင်(Phil-Q)

### စာကြည့်တိုက်ဟူသည်

စာကြည့်တိုက်သည် စာအုပ်ပေါင်းများစွာတို့၏ နေအိမ်ဖြစ်၏။ စာအုပ်များစွာရှိရာ နေရာဖြစ်၏။ မြန်မာအဘိဓာန်၌ စာကြည့်တိုက်ကို "ကြည့်ရှုလေ့လာရန်၊ ငှားရမ်းရန် စာအုပ်များ သိမ်းဆည်းထားရာ အဆောက်အအုံ"ဟု အနက်ဖွင့်သည်။ စာကြည့်တိုက်တွင် အကြောင်းအရာပေါင်းများစွာ၊ ပညာရပ်ပေါင်းများစွာပါရှိသော စာအုပ်စာစောင်၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတို့သာမက စာအုပ်မဟုတ်သော အခြားလေ့လာစရာအရာများ စနစ်တကျစုစည်းထားသည်။ စာကြည့်တိုက်ကို အံ့သြဖွယ်ရာအပေါင်းနှင့် ပြည့်လျှမ်းနေသောကမ္ဘာကြီးဟု ဆိုနိုင်၏။

စာလုံးဝမဖတ်သူသည် လက်ရှိဘဝတစ်ခုတည်းတွင်သာ ရှင်သန်သူဖြစ်ပြီး စာဖတ်သူကမူ သူမသေခင် ဘဝပေါင်းများစွာ ရှင်သန်ခွင့်ရသူ ဖြစ်သည်။ စာဖတ်ခြင်း၏အကျိုးကျေးဇူးကို အနောက်တိုင်းစာရေးဆရာတစ်ဦးက ထိုသို့ဆို၏။ သက်တမ်းတစ်ခုအတွင်း ဘဝပေါင်းများစွာ သက်ဝင်လာခြင်းသည် အံ့ဖွယ်မဟုတ်ပါလော။ စာဖတ်ခြင်းဖြင့် ထိုအံ့ဖွယ်အဖြစ်သည် လက်တွေ့ဖြစ်လာသည်။ စာကြည့်တိုက်၌ စာအုပ်များရှိ၏။ ထို့ကြောင့် စာကြည့်တိုက်သည် အံ့သြဖွယ်ရာကမ္ဘာ၊ လူတို့အတွက် အကောင်းဆုံးကမ္ဘာဖြစ်သည်။ အထူးသဖြင့် လူငယ်တို့အတွက်ဖြစ်၏။

စာကြည့်တိုက်ဟူသည် ပညာရှင်ဆိုသူများအတွက်သာမဟုတ်။ ပညာရှာသူ၊ ပညာရှိလိုသူ၊ တိုးတက်ကြီးပွားလိုသူ၊ ငြိမ်းချမ်းလိုသူ၊ အသိအမြင်ကြွယ်ဝလိုသူ၊ အကြားအမြင်ဗဟုသုတများလိုသူ၊ စိတ်အပန်းဖြေသူ၊ အချိန်ကို အကောင်းဆုံးအသုံးချသူ စသူစသူတို့ ကျင်လည်ရာအရပ်လည်းဖြစ်၏။ အသက်အရွယ်မရွေး၊ လူမျိုးဘာသာမရွေး၊ ကျား-မ မရွေး၊ ဆင်းရဲချမ်းသာမရွေး၊ ဂုဏ်ရှိဂုဏ်မဲ့ ဩဇာရှိ ဩဇာမဲ့မရွေး အားလုံးအတွက်ဖြစ်၏။

### စာကြည့်တိုက်ယဉ်ကျေးမှု

လူမျိုးတစ်မျိုး လူ့အဖွဲ့အစည်းတစ်ခု၏ အတွေးအခေါ်၊ ခံယူချက်၊ အလေ့အထ၊ လူမှုရေးဆိုင်ရာပြုမူဆောင်ရွက်ပုံ၊ တန်ဖိုးထားမှုတို့ကို ထိုလူမျိုး၊ ထိုလူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုဟု ဆိုကြသည်။ သို့ဆိုလျှင် 'စာကြည့်တိုက်ယဉ်ကျေးမှု'ဆိုသည်မှာ



စာကြည့်တိုက်အပေါ် ထားရှိသည့်ခံယူချက်၊ တန်ဖိုးထားမှု၊ စာဖတ်ခြင်းနှင့် စာကြည့်တိုက်ကို အပြည့်အဝအသုံးချမှုအလေ့အထ၊ စာကြည့်တိုက်များနှင့် စာကြည့်တိုက်ပညာ ထွန်းကားပြန့်ပွားအောင် လုပ်ဆောင်မှုဟု ဆိုနိုင်မည်။

စာကြည့်တိုက်များ ပိုမိုဖွင့်လာခြင်း၊ အစိုးရနှင့်အဖွဲ့အစည်းတို့ကသာမက စာကြည့်တိုက်တန်ဖိုးသိမြင်သူတို့ကပါ စာကြည့်တိုက်များဖွင့်လာခြင်း၊ စာအုပ်စာစောင်များ စနစ်တကျစုဆောင်းထိန်းသိမ်းထားခြင်း၊ အလွယ်တကူရှာဖွေဖတ်ရှုနိုင်ရန် စီစဉ်ထားခြင်း၊ စာကြည့်တိုက်အသုံးပြုသူများလာစေရန် စီမံခြင်း၊ စာကြည့်တိုက်နေရာကို ပျော်မွေ့ဖွယ်ဖြစ်အောင်ခင်းကျင်းခြင်း၊ စာကြည့်တိုက်သို့ လာရောက်ချင်အောင် ဆွဲဆောင်ခြင်း၊ စိတ်ဝင်တစားဖြစ်စေမည့် စာကြည့်တိုက်လှုပ်ရှားမှုများ ပြုလုပ်ခြင်း၊ စာကြည့်တိုက်ပညာ ပြန့်ပွားစေခြင်း၊ စာကြည့်တိုက်ဦးစီးဖွင့်လှစ်သူနှင့် စာကြည့်တိုက်အမှုကိစ္စ တာဝန်ယူထမ်းဆောင်သူတို့အား ပံ့ပိုးကူညီခြင်း၊ စာဖတ်သည့်အလေ့အထ ထွန်းကားလာစေရန် နည်းလမ်းချမှတ်ဆောင်ရွက်ခြင်း စသည်တို့သည် စာကြည့်တိုက်ယဉ်ကျေးမှု၏ သွင်ပြင်လက္ခဏာဖြစ်ပေမည်။

စာကြည့်တိုက် များများရှိရန်လိုသည်။ စာကြည့်တိုက်အသုံးပြုသူ များများရှိရမည်။ စာမြည်းသူ၊ စာရှာသူ၊ စာဖတ်သူ၊ စာငှားသူများနှင့် စည်ကားနေစေရမည်။ စာအုပ်စာစောင်များ အလွယ်တကူ ရှာဖွေနိုင်ရေးအတွက် စာကြည့်တိုက်ပညာအပြည့်ဖြင့် ဝန်ဆောင်မှုပေးသူကလည်း ပေးမည်။ ဤသို့ဖြင့် လူတို့အတွက် အထူးသဖြင့် တိုးတက်သောလူငယ်တို့အတွက်၊ တိုးတက်လိုသော လူငယ်တို့အတွက်၊ လူငယ်များတိုးတက်ရေးအတွက် စာကြည့်တိုက်များသည် မိတ်ဖက်ကောင်းကြီးပမာ ဖြစ်လာမည်။

> ပညာရပ်တစ်ခု ကျွမ်းကျင်လာစေရန် အချိန်လိုအပ်သည်။ ထို့အတူ စာဖတ်သည့်အလေ့အထ အားကောင်းလာစေရေးအတွက် အချိန်ပေး အလေးထားလုပ်ဆောင်ရန်လိုသည်။ စာဖတ်ခြင်းအမှုကို ခုံမင်နှစ်သက်လာစေရေးအတွက် လုပ်ဆောင်ရာ၌ အခက်အခဲ ရှိကောင်းရှိမည်။ သို့သော် နည်းမှန်လမ်းမှန်ဖြင့် လုပ်ဆောင်လျှင် ကျောင်းသားလူငယ်တို့ စာဖတ်ဝါသနာပါသူတစ်ဦးအဖြစ်သို့ ရောက်ရှိစေနိုင်သည်။ လူငယ်တစ်ဦး စာဖတ်သည့်အလေ့အထ အားကောင်းလာစေရေး ထိန်းကျောင်းပဲ့ပြင်ရာ၌ သော့ချက်မှာ ငယ်နုစဉ်အချိန်ကပင် စာဖတ်လာစေရေး လှုံ့ဆော်ပေး ခြင်းဖြစ်

### လူငယ်တိုင်း စာကြည့်တိုက်သို့ ရောက်လာရေး

ယနေ့ခေတ်၌ လူငယ်တို့ စာဖတ်အားနည်းလာသည်။ အပြစ်မဆိုသာ။ စူးစမ်းလေ့လာချင်စိတ်ရှိသည့်လူငယ်တို့အတွက် သိလိုစိတ်ကိုဖြည့်ဆည်းပေးမည့်၊ ဖျော်ဖြေပေးမည့်၊ စိတ်အပန်းပြေစေမည့် ယုတ်စွအဆုံး အချိန်ဖြုန်းနိုင်မည့် နည်းလမ်းများစွာ ရှိလာသည်။ အင်တာနက်ဆက်သွယ်ရေးနည်းလမ်းတစ်ခုတည်းကပင် လူငယ်တို့၏သိလိုစိတ်ကို လွှမ်းမိုးထားသည်။ တစ်ကမ္ဘာလုံးကို ထိုင်ရာမထ ကြည့်နိုင်သည့် ကိရိယာတစ်ခုက စာအုပ်နှင့် စာဖတ်ခြင်းကို အလဲထိုးအနိုင်ယူသွားသည်။

စာမဖတ်တော့သည့်အတွက် စာဖတ်သူနည်းသွားသည်။ စာဖတ်သူနည်းသည့်အတွက် စာကြည့်တိုက်များသို့ လာရောက်သူနည်းသွားသည်။ စာကြည့်တိုက်များ ပြန်လည်သက်ဝင်စည်ကားလာရေးအတွက် အခြေခံအကျဆုံးမှာ စာဖတ်သူများသထက်များလာရေး ဖြစ်၏။ အထူးသဖြင့် အနာဂတ်မျိုးဆက်လူငယ်များ ဖြစ်သည်၊ လူငယ်တိုင်း စာဖတ်လာရေးအတွက် စာဖတ်သည့်အလေ့အထ များထူထောင်ရမည်။ ထို့အတွက် လူငယ်များ စုစည်းရာ စာသင်ကျောင်းများ၌ ကျောင်းသားလူငယ်မောင်မယ်တို့ကို စာဖတ်သည့်အလေ့အထရှိလာစေရန် အဓိကထား လုပ်ဆောင်သင့်သည်။

### စာဖတ်အလေ့အထ အားကောင်းစေရေး

စာဖတ်ခြင်းသည် ပညာသင်ဘဝနှင့် သက်မွေးလုပ်ငန်းဘဝ အောင်မြင်ရေးအတွက် အခြေခံအကျဆုံး အကျင့်တစ်ခု ဖြစ်သည်။ စာဖတ်ခြင်းသည် တီထွင်ဖန်တီးမှု၊ အသိအမြင်ကြွယ်ဝမှုနှင့် စိတ်ဓာတ်မြင့်မားမှုတို့ရရှိစေပြီး ယင်းမှာ ကျောင်းသားလူငယ်တို့အတွက် အဖိုးတန်အရည်အသွေးများဖြစ်သည်။ စာဖတ်ခြင်းသည် ပညာသင်ကြားရေး၏ ကျောရိုးလည်းဖြစ်သည်။ သို့သော် ယနေ့လူငယ်တို့သည် ဆိုရှယ်မီဒီယာသုံးခြင်း၊ ဗီဒီယိုဂိမ်းကစားခြင်း၊ တီဗွီကြည့်ခြင်းတို့ကို စာအုပ်တစ်အုပ်ဖတ်ခြင်းထက် ပို၍ခုံမင်နှစ်သက်လာနေကြသည်။ ယနေ့ခေတ် လူကြီးမိဘတို့ကလည်း မိမိတို့သားသမီးများ စာဖတ်သည့်အလေ့အထ အားကောင်းလာစေရေးအပေါ် အလေးအနက်ထား ထိန်းကျောင်းပဲ့ပြင်မှု အားနည်းချက်လည်း ပါဝင်သည်။

ပညာရပ်တစ်ခု ကျွမ်းကျင်လာစေရန် အချိန်လိုအပ်သည်။ ထို့အတူ စာဖတ်သည့်အလေ့အထ အားကောင်းလာစေရေးအတွက် အချိန်ပေး အလေးထားလုပ်ဆောင်ရန်လိုသည်။ စာဖတ်ခြင်းအမှုကို ခုံမင်နှစ်သက်လာစေရေးအတွက် လုပ်ဆောင်ရာ၌ အခက်အခဲရှိကောင်းရှိမည်။ သို့သော် နည်းမှန်လမ်းမှန်ဖြင့် လုပ်ဆောင်လျှင် ကျောင်းသားလူငယ်တို့ စာဖတ်ဝါသနာပါသူတစ်ဦးအဖြစ်သို့ ရောက်ရှိစေနိုင်သည်။ လူငယ်တစ်ဦး စာဖတ်သည့်အလေ့အထ အားကောင်းလာစေရေး ထိန်းကျောင်းပဲ့ပြင်ရာ၌ သော့ချက်မှာ ငယ်နုစဉ်အချိန်ကပင် စာဖတ်လာစေရေး လှုံ့ဆော်ပေးခြင်းဖြစ်၏။

ထို့ကြောင့် မူလတန်းအဆင့်ကျောင်းများ၌ မူလတန်းအဆင့်ကလေးများနှင့် ကိုက်ညီသည့် ကလေးစာကြည့်တိုက်တစ်ခုစီ တည်ထောင်သင့်သည်။ သူတို့အတွက်စာအုပ်များရှိသည့် စာကြည့်တိုက်လေးတစ်ခုရှိကြောင်း ငယ်နုစဉ်ကပင် အသိဝင်စေသင့်၏။ ဆရာ ဆရာမများက ကလေးများကိုစာဖတ်ပြခြင်း၊ စာကြည့်တိုက်ဝင်ချိန် တစ်ချိန်သတ်မှတ်ပေးခြင်း စသည့်နည်းလမ်းများဖြင့်လည်း အသိဝင်စေနိုင်သည်။

အလယ်တန်း၊ အထက်တန်းတို့၌လည်း ထိုအဆင့် ကျောင်းသားလူငယ်တို့နှင့်ကိုက်ညီသည့် စာအုပ်စာစောင်များထားပေးခြင်း၊ စာကြည့်တိုက်ထားပေးခြင်း၊ စာကြည့်တိုက် ကော်မတီကို ကျောင်းသား ကျောင်းသူတို့ဖြင့် ဖွဲ့စည်းပေးခြင်း၊ စာကြည့်တိုက်သက်ဝင်စေရေး ဆွေးနွေးတိုင်ပင်ခြင်း၊ စကားဝိုင်းလုပ်ခြင်းများ စီစဉ်ပေးသင့်သည်။

### ကျောင်းစာကြည့်တိုက်များ သက်ဝင်လာစေရေး

တွေးကြည့်ပါ။ စာအုပ်စင်ကြီးတစ်ခုရှေ့ ကြမ်းပြင်၌ ဆရာတစ်ဦးထိုင်နေ၏။ လက်ထဲ၌ စာအုပ်တစ်အုပ်ကိုင်၍ ဖတ်ပြနေသည်။ သူ့အနားတွင် ဆရာဖတ်ပြနေသည်ကို နားထောင်နေသော ကလေးများဝိုင်းလျက်။ သူတို့လေးတွေ၏ မျက်နှာပေါ်တွင် အံ့သြစိတ်၊ သိလိုစိတ်၊ စူးစမ်းလိုစိတ်တို့ကအပြည့်။ သေချာပါသည်။ ထိုကလေးများသည် ဆရာမှီထိုင်နေသော စာအုပ်စင်ကြီးကို မွှေနှောက်ရှာဖွေကာ ဆရာပျိုးထောင်ပေးလိုက်သော သိလိုစိတ်နှင့်စာဖတ်ကျင့်ကို ဆက်လက်တိုးချဲ့သူများ မလွဲကေန်ဖြစ်လာပေတော့မည်။

ထို့ကြောင့် ငယ်ရွယ်နုနယ်သူတို့စုဝေးရာ စာသင်ကျောင်းများသည် စာဖတ်ဝါသနာ ပျိုးထောင်ရေး၊ ယင်းမှတစ်ဆင့် စာကြည့်တိုက်အသုံးပြုမှု အလေ့အထရှိလာရေးတို့ လုပ်ဆောင်နိုင်သည်။ စာသင်ကျောင်းများ၌ စာကြည့်တိုက်များရှိပါလိမ့်မည်။ သို့သော် ရှိရုံမည်ကာမတ္တမဟုတ်ဘဲ လှုပ်ရှားမှုအားကောင်းကောင်းဖြင့် သက်ဝင်လာစေရန် လိုအပ်သည်။ ထို့အတွက် စာကြည့်တိုက်ပညာရှင်များနှင့် ကျောင်းတာဝန်ရှိသူများ ပူးပေါင်း၍ ရေတိုရေရှည်နည်းလမ်းများ ချမှတ်ဆောင်ရွက်သင့်ကြောင်း တင်ပြလိုက်ရပါသည်။ ။

# လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူကျောင်းတိုက်ရှိ ယာယီနေရပ်စွန့်ခွာဒေသခံပြည်သူများအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်း

နေပြည်တော် မေ ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူဘုန်းတော်ကြီးကျောင်းရှိ ယာယီနေရပ်စွန့်ခွာဒေသခံပြည်သူများအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ရာ သီရိမင်္ဂလာမန်ဆူကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒေါက်တာ ဘဒ္ဒန္တ ပုညနန္ဒ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်နိုင်နိုင်ဦး၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးတင့်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် စေတနာရှင်၊ အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်နိုင်နိုင်ဦး၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သီရိမင်္ဂလာ မန်ဆူဘုန်းတော်ကြီးကျောင်း ဆရာတော် ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး မေတ္တာသုတ်ပရိတ်တရားတော်များ နာကြားကာ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်နိုင်နိုင်ဦး၊ တိုင်းမှူးနှင့် စေတနာရှင်၊ အလှူရှင်များက ယာယီနေရပ်စွန့်ခွာ ဒေသခံပြည်သူများအတွက် တိုင်းစစ်ဌာနချုပ်နှင့် စေတနာရှင်၊ အလှူရှင်များက စုပေါင်းလှူဒါန်းသည့် ဆန် ၃၁၇ အိတ်၊ ဆီ ၉၅ ပိဿာ၊ ပဲ၊ ဆားနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

သတင်းစဉ်





## အောင်လံမြို့၌ အကြိမ်(၁၃၀)မြောက် ကဆုန်လပြည့်(ဗုဒ္ဓနေ့) မြို့လုံးကျွတ် ဆွမ်းဆန်စိမ်း လောင်းလှူ

အောင်လံ မေ ၂၂

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ အကြိမ်(၁၃၀)မြောက် ကဆုန်လပြည့်(ဗုဒ္ဓနေ့) မြို့လုံးကျွတ်ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့ မွန်းလွဲ ၃ နာရီက အောင်လံမြို့ ကန်ကြီးရပ်ကွက် သိမ်ကုန်းဓမ္မာရုံဘုရားကြီးမှစတင်၍ တစ်မြို့လုံးသို့လှည့်လည်ပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပရာ မြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်း ၁၄၀ မှ ရဟန်း/သာမဏေ အပါး ၁၂၉၀၊ ဘုရားအမှူးပြု ဖိုးသူတော် ၁၀ ပါးနှင့် သီလရှင်ကျောင်းတိုက် ၂၇ တိုက်မှသီလရှင် ၂၇၅ ပါး စုစုပေါင်း ၁၅၇၅ ပါးတို့အား အောင်လံမြို့ ကန်ကြီးရပ်ကွက်မှ စတင်၍ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ မြို့ပေါ်ရပ်ကွက်ရှိ ပြည်သူများအားလုံး ပူးပေါင်းပါဝင်၍ လှူဒါန်းခဲ့ကြပြီး စုပေါင်းဆွမ်းဆန်စိမ်းနှင့် အခြားလှူဖွယ်ဝတ္ထုပစ္စည်းများအပါ စုစုပေါင်း လှူဒါန်းမှုတန်ဖိုး ငွေကျပ် ၁၇၁၀၅၀၀၀၀ ခန့်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် မေ ၂၂

နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## ဟင်္သာတမြို့နယ်၌ ကဆုန်လပြည့်(ဗုဒ္ဓနေ့) အထိမ်းအမှတ် ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

ဟင်္သာတ မေ ၂၂

ဧရာဝတီ တိုင်းဒေသကြီး ဟင်္သာတမြို့ဘုရားကြီးရပ်ကွက်ရှိ ပဒ္မမုခမာရဇိန် ငါးမျက်နှာစေတီတော်ကြီး၌ သာသနာတော်နှစ် ၂၅၆၇ ခုနှစ် ကဆုန်လပြည့်နေ့ အထိမ်းအမှတ် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက်များရှိ အလှူရှင်များ စုပေါင်း၍ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူခြင်းအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် အဆိုပါဘုရားဝင်းအတွင်း ကျင်းပသည်။



ဦးစွာ ငါးမျက်နှာဘုရား တနင်္ဂနွေထောင့်ရှိ အာရုံခံတန်ဆောင်းတော်၌ ဟင်္သာတခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးသူရိန်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဧည့်ပရိသတ်များက နမောတဿ သုံးကြိမ် ရွတ်ဆို၍ အခမ်းအနား ဖွင့်လှစ်ပြီး ဟင်္သာတမြို့ ရွှေကျောင်း ပရိယတ္တိစာသင်တိုက်မှ မြို့နယ်သံဃနာယက အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တ ကောဝိဒ အရှင်သူမြတ်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ခြင်း၊ တာဝန်ရှိသူများက သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်သရဇ္ဈာယ်သော မေတ္တာသုတ်ပရိတ်တရားတော်များနာယူခြင်း၊ ပင့်သံဃာတော်များအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းတို့ဆောင်ရွက်ကြကာ ဟင်္သာတမြို့နယ်အတွင်းရှိ ကျောင်းတိုက်များမှ ဆရာတော်/ သံဃာတော်များ၊ သီလရှင် ဆရာလေးများအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ကဆုန်လပြည့်နေ့တွင် မိုးနဲမြို့နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနယ်မြေ စက်တော်ရာရေထွက်သို့ လာရောက်သူများဖြင့် စည်ကားလျက်ရှိ

မိုးနဲ မေ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော နားခံကျေးရွာအုပ်စုရှိ ဝမ်ယေး(စက်တော်) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနယ်မြေ စက်တော်ရာကျောင်းတိုက်သို့ ကဆုန်လပြည့်(ဗုဒ္ဓနေ့) ရိုးရာမိုးခေါ်ပွဲသို့ လာရောက်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနယ်မြေသို့ရပ်ဝေး/ရပ်နီးမှ လာရောက်လည်ပတ်သူများ အဆင်ပြေစွာ ဘုရားဖူး၊ အပန်းဖြေနိုင်ရေးအတွက် အလှူရှင်များက ထမင်း၊ အအေး၊ ရေသန့်ဘူးများကို ပေးဝေခြင်းနှင့် လာရောက်လည်ပတ်သူများမှာလည်း ဘုရား



ဖူးခြင်း၊ ဝတ်ပြုဆုတောင်းခြင်း၊ အပန်းဖြေ အနားယူခြင်းများနှင့် ရေထွက်တစ်လျှောက် စည်ကားလျက်ရှိကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)




## သနပ်ပင်မြို့နယ်၌ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်

သနပ်ပင် မေ ၂၂

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၌ ၂၀၂၄ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက သနပ်ပင်မြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ပဲခူးတိုင်းဒေသကြီး မန်နေဂျာ ဦးကျော်သူရက ချေးငွေထုတ်ချေးပုံအဆင့်ဆင့်နှင့် သီးနှံအာမခံထားရှိရေး စည်းကမ်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြန်မာ့အာမခံလုပ်ငန်း တိုင်းဒေသကြီးတာဝန်ခံမှ သီးနှံအာမခံစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်လင်းထက်က ကျေးရွာအုပ်စုများအား ယခင်နှစ် ချေးငွေများပြေကျေမှသာ ချေးငွေသစ်များ ပြန်လည်ထုတ်ချေးနိုင်မည်ဖြစ်ကြောင်း၊ရရှိသည့်ချေးငွေများကို လယ်ယာလုပ်ငန်းတွင် အကျိုးရှိစွာ အသုံးပြုရန် အလေးထားမှာကြားသည်။

ထို့နောက် ၂၀၂၄ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို လွမ်းပြေကျေးရွာအုပ်စုမှ တောင်သူ ၇၄ ဦး၊ ဧက ၆၆၃ ဧကအတွက် စိုက်ပျိုးစရိတ်ချေးငွေကျပ် ၉၉၄၅၀၀၀၀ ကို ချေးငွေစည်းကမ်းချက်များနှင့်အညီ ထုတ်ချေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရောဝတီတိုင်းဒေသကြီး ပတ္တမြားကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တအရိယဝံသ (အဘိဓဇမဟာရဋ္ဌဂုရု) ဘဝနတ်ထံပျံလွန်တော်မူ

နေပြည်တော် မေ ၂၂

ရောဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ လက်သမားရပ်ကွက် အတွင်းပတ္တမြားကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တအရိယဝံသ (အဘိဓဇမဟာရဋ္ဌဂုရု) သက်တော် ၁၀၀ နှစ်၊ သိက္ခာ ၈၀ ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၆ ခုနှစ် ကဆုန်လပြည့် မေ ၂၂ ရက် ဗုဒ္ဓဟူးနေ့ နံနက် ၇ နာရီ ၁၀ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## နိုင်ငံတော်သြဝါဒါစရိယ ရောဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ လက်သမားရပ်ကွက် အတွင်းပတ္တမြားကျောင်းတိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တအရိယဝံသ (အဘိဓဇမဟာရဋ္ဌဂုရု)၏ ထေရုပ္ပတ္တိအကျဉ်း



### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ရောဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် သပြေကုန်းတိုက်နယ် ဆပ်သွားဖူးကျွန်းရွာ ခမည်းတော် ဦးဘိုးသန့် + မယ်တော် ဒေါ်အေးညွန့်တို့မှ ၁၂၈၆ ခုနှစ် ကဆုန်လပြည့်ကျော် ၈ ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၉၈ ခုနှစ်တွင် ဟင်္သာတမြို့နယ် သပြေကုန်းကျေးရွာ ဝါဆိုကျောင်းဆရာတော် ဘဒ္ဒန္တဇနိန္ဒကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၀၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၂ ရက် တနင်္လာနေ့တွင် သပြေကုန်းကျေးရွာ ဝါဆိုကျောင်းဗဒ္ဓသိမ်၌ သပြေကုန်းရွာ ကံသစ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဒုမကို ဥပဇ္ဈာယ်ပြု၍ ဦးကျော်သိန်း + ဒေါ်ချစ်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် သပြေကုန်းကျေးရွာ ဝါဆိုကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇနိန္ဒ၊ အတွင်းပတ္တမြားကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓါစာရနှင့် စာချဆရာတော်များ၊ ရေကင်းကျွန်း ကလေးကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒောဘာသ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် ဘဒ္ဒန္တနန္ဒဝံသ၊ မန္တလေးမြို့ တောင်ထီးလင်းတိုက် ဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ၊ ဘဒ္ဒန္တပုညာနန္ဒာဘိဝံသ၊ ဘုရားကြီးတိုက်ဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသ၊ ဆီးဘန်နီတိုက်ဆရာတော် ဘဒ္ဒန္တအာစာရာဘိဝံသ၊ စစ်ကိုင်းမြို့ ပဋ္ဌာန်းသိပ္ပံဆရာတော် ဘဒ္ဒန္တဣန္ဒက စသောဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး "သာသနဓဇသိရီပဝရဓမ္မာစရိယ"ဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။

### သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ဟင်္သာတမြို့ အတွင်းပတ္တမြားကျောင်းတိုက်၌ စာသင်သားရဟန်းသာမဏေများအား ပရိယတ္တိစာပေများ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ စာပေကျမ်းဂန်များ ရေးသားပြုစုတော်မူခဲ့ခြင်းနှင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ်သံဃာ့ဝန်ဆောင်၊ မြို့နယ်ဝိနည်းဓိုရ်၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝိနည်းဓိုရ်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် ဆောင်ရွက်တော်မူခဲ့ပြီး ယနေ့အထိ နိုင်ငံတော်သြဝါဒါစရိယဆရာတော်အဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

### ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ သာသနဟိတရေဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတလဒ္ဓလဋ္ဌနဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၁၉၉၉ ခုနှစ်တွင် **"အဂ္ဂမဟာပဏ္ဍိတ"**ဘွဲ့တံဆိပ်တော်၊ ၂၀၁၄ ခုနှစ်တွင် **"အဘိဓဇမဟာရဋ္ဌဂုရု"** ဘွဲ့တံဆိပ်တော်မြတ်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၁၀၀ နှစ်၊ သိက္ခာ ၈၀ ဝါအရ ၁၃၈၆ ခုနှစ် ကဆုန်လပြည့် ၂၂-၅-၂၀၂၄ ရက် ဗုဒ္ဓဟူးနေ့ နံနက် ၇ နာရီ ၁၀ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

## တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မေ ၂၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၂၀ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်းဘူးခရိုင်နှင့် သရက်ခရိုင်အတွင်း၌ တရားမဝင် အခြားသစ် ၁၆ ဒသမ ၂၉၃ တန် စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၄၉၃၁၄ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

### သိမ်းဆည်းအရေးယူ

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မေ ၂၀ ရက်တွင် ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Non-Dairy Creame အိတ် ၆၀၀၊ ယိုးဒယားစာတန်းပါနံနံပင်မျိုးစေ့ထုပ် ၄၀၊ ယိုးဒယားစာတန်းပါ စိုက်ပျိုးရေးသုံးဆေးပုလင်း ၆၀ အပါအဝင် ကုန်ပစ္စည်းကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ မေ ၂၁ ရက်တွင် ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၆ ဒသမ ၁၁၄ တန်၊ သစ်မာ သုည ဒသမ ၂၁၅ တန်၊ အခြားသစ် ၅ ဒသမ ၄၈၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၃၄၃၈၃)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၂၇၄၃၈၃ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။




ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့အပြင် မေ ၂၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွှေကျင်စစ်ဆေးရေးစခန်း၌ မြစ်ကြီးနားမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် ERKE တံဆိပ်ပါ တီရှပ်အင်္ကျီ ၅၂၄၁၄ ထည်၊ ဘောင်းဘီ(အတို) အထည် ၁၆၂၉၀ နှင့် ဖိနပ် ၅၈၈ ရန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၈၄၆၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Volvo Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၇၀၆၄၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မေ ၂၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သီလဝါ ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာ ပါရှိလာသည့် တရုတ်နိုင်ငံထုတ် LED မီးသီးအလုံး ၂၁၆၀၀ အပါအဝင် ကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၆၄၈၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မေ ၂၁ ရက်တွင် ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သံတွဲခရိုင်အတွင်း၌ တရားမဝင် အခြားသစ် ၇၃ ဒသမ ၁၀၉ တန် စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၆၁၀၅၂ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၇ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၇၃၃၇၂၇၄၉) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်



ယောမင်းဦး(ခ)ပူစီနှင့် အုပ်စိုးကျော်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## မိတ္ထီလာနှင့် တာချီလိတ်မြို့တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၂၂

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၁ ရက် ညနေ ၅ နာရီခွဲတွင် မိတ္ထီလာမြို့ ထီလာဦးရပ်ကွက် မိတ္ထီလာ-သာစည်သွားကားလမ်းတွင် ယောမင်းဦး(ခ)ပူစီ မောင်းနှင်ပြီး အုပ်စိုးကျော် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ ကိုလည်းကောင်း၊ ညနေ ၅ နာရီ ၄၅ မိနစ်တွင် မိတ္ထီလာမြို့ မဟာစည်တိုးချဲ့ရပ်ကွက်ရှိ ယောမင်းဦး(ခ)ပူစီ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀၊ ဆေးခြောက် နှစ်ကီလိုကိုလည်းကောင်း၊ ထိုနေ့ မွန်းလွဲ ၃ နာရီ ၁၀ မိနစ်တွင် တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်တွင် စိုင်းနွန့်ဒါး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ။

# ဗီယက်နမ်ကွန်မြူနစ်ပါတီ၏ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်တစ်ဦးဖြစ်သည့် တူလမ် ဗီယက်နမ် သမ္မတသစ်အဖြစ် ကျမ်းသစ္စာကျိန်ဆို

**ဟနွိုင်း မေ ၂၂**

ဗီယက်နမ်ကွန်မြူနစ်ပါတီ၏ ပေါ်လစ်ဗျူရို အဖွဲ့ဝင်တစ်ဦးဖြစ်သည့် တူလမ်က မေ ၂၂ ရက်တွင် ဗီယက်နမ်နိုင်ငံ၏ သမ္မတသစ်အဖြစ် ကျမ်းသစ္စာ ကျိန်ဆိုခဲ့ကြောင်း ဒေသတွင်းမီဒီယာများက သတင်း ဖော်ပြသည်။

**ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရ**

ဗီယက်နမ်နိုင်ငံ၏ (၁၅) ကြိမ်မြောက် အမျိုးသား လွှတ်တော် သတ္တမအစည်းအဝေးတွင် လမ်က ထောက်ခံမဲအများစုဖြင့် သမ္မတရာထူးသက်တမ်း အတွက် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ဆိုသည်။

သမ္မတတူလမ်က ပါတီ၊ နိုင်ငံတော်နှင့်ပြည်သူများ ပေးအပ်သည့်တာဝန်များကိုကျေပွန်စွာ ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျမ်းသစ္စာ ကျိန်ဆိုသည့် အခမ်းအနားတွင် ပြောကြားသည်။

အသက် ၆၇ နှစ်ရှိပြီဖြစ်သည့် သမ္မတတူလမ် သည် မြောက်ပိုင်း ဟန်ယန်ပြည်နယ်မှဖြစ်ပြီး ၂၀၁၆ ခုနှစ် ဧပြီလကတည်းက ပြည်သူ့လုံခြုံရေး ဝန်ကြီးအဖြစ် တာဝန်ယူခဲ့သည်။

ဗီယက်နမ်ကွန်မြူနစ်ပါတီ (၁၃) ကြိမ်မြောက် ဗဟိုကော်မတီသည် မတ် ၂၀ ရက်တွင် သမ္မတ ဗိုဗန်သောင်ထံမှ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်နှင့် ဗီယက်နမ် နိုင်ငံ၏ သမ္မတအဖြစ်မှ ရာထူးနုတ်ထွက်စာကို လက်ခံရရှိခဲ့သည်။

မတ် ၂၁ ရက်က ကျင်းပသည့် (၁၅) ကြိမ် မြောက် အမျိုးသားလွှတ်တော် အစည်းအဝေး၌ ဗိုဗန်သောင်အား ရာထူးမှနုတ်ထွက်ရန် ဆုံးဖြတ်ချက် ကို အတည်ပြုခဲ့သည်။

ထို့ပြင် ဒုတိယသမ္မတ ဗိုသီအန်ရှန်အား နိုင်ငံ၏ ယာယီသမ္မတအဖြစ် ခန့်အပ်ခဲ့သည်။

(၁၅)ကြိမ်မြောက် ဗီယက်နမ် အမျိုးသား လွှတ်တော်၏ သတ္တမအစည်းအဝေးမှာ ဇွန် ၂၈ ရက် တွင် ပြီးဆုံးမည်ဟု မျှော်လင့်ရသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – အောင်ကျော်ကျော်**



# ဆေးဘက်ဆိုင်ရာအကူအညီများပေးပို့ခွင့် ရုပ်သိမ်းထားခြင်းကို ပြန်လည်ဖြေလျှော့ပေးရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တိုက်တွန်း

**ဂျေရုဆလင် မေ ၂၂**

ဂါဇာဒေသတွင် အပြင်းအထန် နာမကျန်းဖြစ်နေသူများ ရှိနေသဖြင့် ဆေးဘက်ဆိုင်ရာအကူအညီများပေးပို့ ခွင့် ရုပ်သိမ်းထားခြင်းကို ပြန်လည် ဖြေလျှော့ပေးရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ ဂါဘရီယီဆက်က အစ္စရေး အား တိုက်တွန်းခဲ့သည်ဟု ဆင်ဟွာ သတင်းအရ သိရသည်။



အီဂျစ်မှ ဂါဇာဒေသသို့ ဆေးဘက် ဆိုင်ရာ အကူအညီများပေးပို့သည့် လမ်းကြောင်းကို သီတင်းနှစ်ပတ်ကြာ ပိတ်ထားခဲ့သဖြင့် ဆေးဘက်ဆိုင်ရာ ပစ္စည်းများ ပြတ်တောက်နေကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ ဂါဇာဒေသ၏ လက်ရှိအခြေအနေမှာ ဆိုးရွားနေပြီး ဒေသအတွင်းရှိ ဆေးရုံများ အနီးတွင် တိုက်ပွဲများပြင်းထန်နေ၍ ဆေးဘက်ဆိုင်ရာပစ္စည်းများကို အချိန်မီ မပေးပို့နိုင်သဖြင့် လူနာများအခက်အခဲ ကြုံတွေ့နေရကြောင်း ၎င်းက ပြောကြား သည်။ လက်ရှိအချိန်တွင် ဆေးရုံများ အတွက်လိုအပ်သည့် ဆေးပစ္စည်းများကို ကုလသမဂ္ဂအေဂျင်စီများက မပံ့ပိုးပေး နိုင်ခြင်းနှင့် ဂါဇာဒေသသို့ထပ်မံရောက်ရှိ လာသူများအတွက် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီများ မပေးအပ်နိုင်ခြင်းအတွက် များစွာ စိတ်မကောင်းဖြစ်ရကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – စိုးသူရ**

# အိန္ဒိယနိုင်ငံရှိ ပြည်နယ်အများအပြားတွင် အပူလှိုင်းဆိုင်ရာ အနီရောင်သတိပေးချက် ထုတ်ပြန်ထား

**နယူးဒေလီ မေ ၂၂**

အိန္ဒိယနိုင်ငံရှိ ပြည်နယ်အများအပြားတွင် အပူလှိုင်းဆိုင်ရာ အနီရောင် သတိပေး ချက်များ ထုတ်ပြန်ထားကြောင်း မိုးလေဝသဌာနက ပြောကြားသည်။

ဒေလီ၊ ချန်ဒါဂတ်၊ ရာဂျစ်စသန်၊ ဟာရာနာ၊ ပန်ဂျပ်၊ ဥတ္တရာပရာဒေ့ရှ်ရှိဒေသ အချို့နှင့် မဒရာပရာဒေ့ရှ်ပြည်နယ်တို့တွင် အပူလှိုင်းကျရောက်နိုင်သည့် အခြေအနေ များဖြစ်ပေါ်နေသဖြင့် အနီရောင်အဆင့် သတိပေးချက်ထုတ်ပြန်ထားကြောင်း သိရ သည်။ ထို့ပြင် ဥတ္တရာပရာဒေ့ရှ်ပြည်နယ်အရှေ့ပိုင်း၊ မဒရာပရာဒေ့ရှ်ပြည်နယ် အနောက်ပိုင်းနှင့် ဂူဂျာရတ်ပြည်နယ်တို့တွင် လိမ္မော်ရောင်အဆင့်သတိပေးချက် ထုတ်ပြန်ထားသည်။

အနီရောင်သတိပေးချက်ထုတ်ပြန်သည့်ဒေသများတွင် အပူကြောင့်ဖျားနာမှုနှင့် အပူဒဏ်ခံရနိုင်ခြေ အလွန်မြင့်မားပြီး ရောဂါခုခံနိုင်စွမ်းနည်းပါးသူများအတွက် ဂရုစိုက်ရန် လိုအပ်ကြောင်း မိုးလေဝသဌာနက ပြောကြားခဲ့သည်။ မိုးလေဝသဌာနက နိုင်ငံသားများအနေဖြင့် အပူဒဏ်သက်သာရန် အေးသောနေရာများတွင် နေထိုင်သင့် ကြောင်း အကြံပြုထားသည်။

အိန္ဒိယနိုင်ငံ၏ ဒေသအများအပြားသည် လက်ရှိအချိန်တွင် အပူချိန် ၄၅ ဒီဂရီ စင်တီဂရိတ်ထက် မြင့်တက်လာကာ အပူလှိုင်းဒဏ်ခံနေရပြီး နိုင်ငံသားများ၏ ကျန်းမာရေး နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ထိခိုက်ခဲ့သည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# အစ္စရေးတပ်ဖွဲ့က အနောက်ဘက်ကမ်း၌ တိုက်ခိုက်မှုများဆောင်ရွက်

**ရာမာလာ မေ ၂၂**

အစ္စရေးတပ်ဖွဲ့သည် ယနေ့တွင် အနောက်ဘက်ကမ်းမြောက်ပိုင်းရှိ ဂျီနင်းမြို့နှင့် မြို့အတွင်းရှိ ဒုက္ခသည် စခန်းတို့ကို တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

အစ္စရေးတပ်ဖွဲ့သည် ဂျီနင်းမြို့နှင့် အနီးအနားရှိ ဒေသအများ အပြားသို့ စစ်ကူများစေလွှတ်ခဲ့ကြောင်း ပါလက်စတိုင်းသတင်းရင်းမြစ် များက ဆင်ဟွာသို့ပြောကြားခဲ့သည်။ ဂျီနင်းဒုက္ခသည် စခန်းအတွင်းရှိ နေအိမ်များစွာကို ပစ်မှတ်ထား၍ အစ္စရေးတပ်ဖွဲ့ဝင်များက စီးနင်း ရှာဖွေမှုများ ပြုလုပ်ခဲ့သည်။

အစ္စရေး၏ စီးနင်းတိုက်ခိုက်မှုအတွင်း သေဆုံးသူ ရှစ်ဦးရှိပြီး ဒဏ်ရာရရှိသူ ၂၄ ဦးရှိကာ လေးဦးသည် ဒဏ်ရာ ပြင်းထန်သော အခြေအနေတွင် ရှိနေကြောင်း ပါလက်စတိုင်း ကျန်းမာရေးဝန်ကြီး ဌာနက ပြောကြားခဲ့သည်။

**အင်တာနက်ဝန်ဆောင်မှုများ ဖြတ်တောက်ခဲ့**

ယင်းဖြစ်စဉ်အတွင်း အစ္စရေးတပ်ဖွဲ့မှ မြေထိုးစက်များသည် အဆောက်အအုံများကို ဖျက်ဆီးခဲ့သည့်အပြင် ဂျီနင်းမြို့တွင်းနှင့် ဒုက္ခသည်စခန်းရှိ ဆက်သွယ်ရေးနှင့် အင်တာနက်ဝန်ဆောင်မှုများ ဖြတ်တောက်ခဲ့ကြောင်း ဒေသတွင်း သတင်းရင်းမြစ်များက ပြောကြား သည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – စိုးသူရ**

# ဂါဇာကမ်းမြောင်ဒေသ ရာဖာမြို့၌ စားရေရိက္ခာဝေငှမှု ယာယီရပ်ဆိုင်းထား

**ဂျေရုဆလင် မေ ၂၂**

ဂါဇာကမ်းမြောင်တောင်ပိုင်း ရာဖာမြို့၌ ရိက္ခာပြတ်လပ်မှုနှင့် ဘေးကင်းလုံခြုံရေးအတွက် စိုးရိမ် မှုများရှိနေခြင်းကြောင့် စားရေ ရိက္ခာများဝေငှမှုကို ယာယီ ရပ်ဆိုင်းထားကြောင်း ပါလက် စတိုင်း ဒုက္ခသည်များအတွက် ကုလသမဂ္ဂအေဂျင်စီက ယနေ့ ပြောကြားသည်။



ရာဖာမြို့ရှိ၎င်း၏ရိက္ခာဖြန့်ဖြူး ရေးဌာနနှင့် ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်၏ ဂိုဒေါင်ကို စစ်ရေး အရ စစ်ဆင်ရေးများ လုပ်ဆောင် နေခြင်းကြောင့် ယခုအခါ သွားလာခွင့် မရနိုင်ကြောင်း ပါလက်စတိုင်း ဒုက္ခသည်များ ဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီက ပြောကြားသည်။

လက်ရှိ အစ္စရေးတပ်မတော်၏ စစ်ဆင်ရေးဆင်နွှဲမှုသည် လူသား ချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များ ပေးပို့ရန် အကူအညီပေးရေး အေဂျင်စီ များ၏ စွမ်းရည်ကို တိုက်ရိုက် သက်ရောက်မှု ရှိလာကြောင်း ၎င်းအေဂျင်စီက ထောက်ပြ ပြောကြားသည်။

ပြည်သူ အများအပြားသည် ရာဖာမြို့မှ အခြားနေရာများသို့ ထွက်ပြေး တိမ်းရှောင်ခဲ့ကြ သော်လည်း ရာဖာမြို့၌ ခန့်မှန်း ခြေ အရပ်သား ၃၀၀၀၀၀ မှ ၄၀၀၀၀၀ ခန့် ကျန်ရှိနေသေး ကြောင်း အစ္စရေးမီဒီယာက သတင်းဖော်ပြသည်။

အစ္စရေး တပ်မတော်သည် ရာဖာမြို့၌ ဟားမတ်စ်များကို ဆက်လက် တိုက်ခိုက်လျက်ရှိ သည်။

အစ္စရေးသည် ၎င်း၏ စစ်ဆင် ရေးကို အရှိန်မြှင့်ရန် စီစဉ်လျက် ရှိသည့်အတွက် အကူအညီပေးရေး လုပ်ငန်းများ ရေရှည်အကျိုး သက်ရောက်မှုနှင့် လူသားချင်း စာနာမှုဆိုင်ရာ အခြေအနေများ ပိုမိုဆိုးရွားလာမည်ကို စိုးရိမ်မှုများ မြင့်တက်လျက်ရှိသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ထွက်ရှိသော စာအုပ်များစာရင်း

## ရှင်မဟာရဋ္ဌသာရ၏ ဘူရိဒတ်လင်္ကာကြီး




မြန်မာစာပေလောကတွင် ဘူရိဒတ်လင်္ကာကြီးသည် အဟောင်းဆုံးလင်္ကာကြီး ဖြစ်သောကြောင့် မျိုးဆက်သစ်စာဖတ်သူများ စာဟောင်းပေဟောင်းများကို ပြန်လည်ဖတ်ရှု၍ မှတ်သားဖွယ် ဗဟုသုတ ရရှိစေရန်နှင့် ရည်ညွှန်းကိုးကားနိုင်ရန်အတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ရှင်မဟာရဋ္ဌသာရ၏ ဘူရိဒတ်လင်္ကာကြီးကို ပြန်လည်ထုတ်ဝေ ဖြန့်ချိလိုက်သည်။ အင်းဝခေတ် ဆရာတော်ရှင်မဟာရဋ္ဌသာရသည် အသက် ၁၆ နှစ်အရွယ်တွင် ဘူရိဒတ်လင်္ကာကြီးကိုရေးသားခဲ့သည်။ ထိုလင်္ကာကြီးသည် ဇာတ်တော်ကြီးဆယ်ဘွဲ့တွင် ပါဝင်သော ဘူရိဒတ္တ၊ ဘူရိဒတ်ဇာတ်တော်ကို အခြေခံ၍ ရေးဖွဲ့ထားခြင်းဖြစ်သည်။ ဘုရားရှင် ရှေးဘဝက ဘူရိဒတ်နဂါးမင်းဖြစ်စဉ် စည်းစိမ်ဥစ္စာကိုစွန့်ကာ ကြီးစွာသောဆင်းရဲဒုက္ခခံ၍ သီလပါရမီကို ထိန်းသိမ်းဖြည့်ဆည်းတော်မူကြောင်း ဟောကြားထားသော ဇာတ်ဝတ္ထုကို ပျို့လင်္ကာအဖြစ် ရေးဖွဲ့ထားခြင်းဖြစ်သည်။ ဘူရိဒတ်ဇာတ်တော်တွင် ဘူရိဒတ်နဂါးမင်း၏ နဂရခန်း၊ ဥပုသ်ခန်း၊ အိပ်မက်ခန်း၊ အလမ္ပာယ်ခန်း၊ ဗြာဟ္မဏခန်းနှင့် နဂရပဝေခန်းဟူ၍ အခန်းခြောက်ခန်းဖြင့် ဖွဲ့ဆိုထားသဖြင့် ဘူရိဒတ်လင်္ကာကြီးဟု အမည်ပေးထားသည်။ ထိုစာအုပ်သည် စာဖတ်သူများအတွက် မှတ်သားဖွယ်ရာကောင်းသော ဗဟုသုတများရရှိမည့် စာအုပ်ဖြစ်သည်။

တန်ဖိုးငွေကျပ် – ၆၅၀၀ိ/–

## ရှင်မဟာရဋ္ဌသာရ၏ ဘူရိဒတ်ဇာတ်ပေါင်းပျို့




စာဆိုတော် ဆရာတော်ရှင်မဟာရဋ္ဌသာရ ၅၅၅ နှစ်မြောက် မွေးနေ့ကို ဂုဏ်ပြုပူဇော်သောအားဖြင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ရှင်မဟာရဋ္ဌသာရ၏ ဘူရိဒတ်ဇာတ်ပေါင်းပျို့ စာအုပ်အား ပြန်လည်ထုတ်ဝေလိုက်သည်။

ဘူရိဒတ်ဇာတ်ပေါင်းပျို့သည် အင်းဝခေတ် ဆရာတော် ရှင်မဟာရဋ္ဌသာရ အသက် ၂၆ နှစ်အရွယ်တွင် ရေးသားခဲ့သော လင်္ကာကြီးဖြစ်သည်။ မဟာနိပါတ်၊ ဘူရိဒတ္တဇာတ်ကို ပြန်ဖွဲ့ထားသောပျို့ဖြစ်ပြီး ဘူရိဒတ်လင်္ကာကြီး၏ အဆက်ဖြစ်သည်။ ပျို့အစ၌ ဘူရိဒတ်လင်္ကာကြီးတွင် ဖွဲ့ဆိုထားသော ဇာတ်လမ်းအကျဉ်းကို လိုရင်းအချက်များဖြင့် ဖော်ပြထားသည်။ ဘူရိဒတ်ဇာတ်ပေါင်းပျို့တွင် ဇာတ်ဝင်ကိုးဦးတို့၏ ဇာတ်ကြောင်းများကို မကျဉ်းမကျယ် ဖွဲ့ဆိုထားပြီး ဇာတ်လမ်းကိုလိုက်၍ သနားဖွယ်ရာ၊ ထိတ်လန့်ဖွယ်ရာ၊ တရားရဖွယ်ရာ၊ မြတ်နိုးဖွယ်ရာ၊ ကြောက်ရွံ့ဖွယ်ရာ၊ ကြမ်းကြုတ်ဖွယ်ရာ၊ မနှစ်မြို့ဖွယ်ရာစသည့် အဖွဲ့အဆိုများကို တွေ့ရမည်ဖြစ်သည်။ စာဖတ်သူများအနေဖြင့် စာဆို ရှင်မဟာရဋ္ဌသာရ၏ ပျို့လင်္ကာ အရေးအဖွဲ့များကို သုတ၊ ရသ ပြည့်စုံစွာ ဖတ်ရှုလေ့လာနိုင်မည့် စာအုပ်ဖြစ်သည်။

တန်ဖိုးငွေကျပ် – ၆၀၀၀ိ/–

## ရှင်မဟာရဋ္ဌသာရ၏ ဂမ္ဘီသာရပျို့




အနာဂတ်မျိုးဆက်သစ် လူငယ်များအနေဖြင့် မြန်မာစာကို ချစ်ခင်မြတ်နိုးတန်ဖိုးထားတတ်လာစေရန်၊ မြန်မာစာပေသမိုင်းတွင် ဂုဏ်ကျေးဇူးကြီးမားလှသော အင်းဝခေတ်စာဆို ရှင်မဟာရဋ္ဌသာရ၏ စာကောင်းပေမွန်များကို တန်ဖိုးထားလေ့လာ သိရှိနိုင်စေရန် ရှင်မဟာရဋ္ဌသာရ ရေးသားပြုစုစီရင်သော ဂမ္ဘီသာရပျို့ကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ပြန်လည်ထုတ်ဝေဖြန့်ချိလိုက်သည်။

ဂမ္ဘီသာရပျို့သည် အမျိုးလေးပါးဟုဆိုအပ်သော အုပ်ချုပ်သူလူတန်းစား (ရာဇမင်းမျိုး)၊ တတ်သိပညာရှင်လူတန်းစား (ဗြဟ္မဏပုဏ္ဏားမျိုး)၊ ကူးသန်းရောင်းဝယ်စားသောက်သော လူတန်းစား (အသည်မျိုး) နှင့် သာမန် လက်လုပ်လက်စားလူတန်းစားများ (သူဆင်းရဲမျိုး) တို့အား ကိုယ်ကျင့်တရားကောင်းမွန်လာစေရန် ပြုပြင်ပေးသောပျို့ဖြစ်သည်။ အမျိုးလေးပါးတို့အား သွန်သင်ဆုံးမသြဝါဒစကားမှာကြားရန် ကျင့်ဖွယ်ဝတ္တရားအမျိုးမျိုးကို ကျမ်းအစောင်စောင်တို့မှ ထုတ်နုတ်၍ ရေးသားထားသော ဆုံးမစာကျမ်းဖြစ်သဖြင့် ယနေ့တိုင် အသုံးပြုကြရသည့်ပျို့လည်းဖြစ်သည်။ ထိုကဲ့သို့ ဆုံးမစာများကို ဖတ်ရှုရသည့်အတွက် စာဖတ်သူများအနေဖြင့် မြင့်မားသော အသိဉာဏ်ပညာများကို ရရှိစေမည့်စာအုပ်ဖြစ်သည်။

တန်ဖိုးငွေကျပ် – ၄၀၀၀ိ/–

## ရှင်မဟာရဋ္ဌသာရ၏ သံဝရပျို့




မြန်မာစာပေသည် ပုဂံခေတ်တွင် စတင်ပေါ်ပေါက်လာခဲ့ပြီး အင်းဝခေတ်ရောက်သောအခါ ရဟန်းစာဆိုများ၏ ကြိုးပမ်းမှုကြောင့် ခေတ်စမ်းစာပေတိုးတက်လာခဲ့သည်။ ထိုရဟန်းစာဆိုများအနက် ရှင်မဟာရဋ္ဌသာရ၏ မားမားမတ်မတ်ရပ်တည်မှုကြောင့် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ခဲ့သဖြင့် ဆရာတော်အား ကျေးဇူးဆပ် ဂုဏ်ပြုသည့်အနေဖြင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ရှင်မဟာရဋ္ဌသာရ၏ သံဝရပျို့အားပြန်လည်ထုတ်ဝေသဖြင့် ထွက်ရှိလာပြီဖြစ်သည်။

သံဝရပျို့သည် ရှင်မဟာရဋ္ဌသာရ အသက် ၆၁ နှစ်အရွယ် သက္ကရာဇ် ၈၉၁ ခုတွင် နောက်ဆုံးရေးသားပြုစုခဲ့သောပျို့ဖြစ်သည်။ ဆရာတော်သည် ဆင်ဖြူရှင်သတိုးမင်းစော၏ သားတော် ဘုရင်ထွေးကို သံဝရဇာတ်တော်လာ သံဝရမင်းသားနှင့် ခိုင်းနှိုင်း၍ ဆုံးမသွန်သင်လိုသော စေတနာဖြင့် လည်းကောင်း၊ ဆရာတော်အပေါ် ပြုထားသောကျေးဇူးကို ပြန်ဆပ်လို၍လည်းကောင်း၊ ညီအစ်ကိုအချင်းချင်း စည်းလုံးညီညွတ်ချစ်ခင်စေရန်အတွက်လည်းကောင်း ရေးသားပြီး ပြည်ဘုရင်ထွေးအား ဆက်သသောပျို့ဖြစ်သည်။ ပျို့တစ်ခုလုံးတွင် အဖိုးထိုက်တန်လှသော ဆုံးမစကားများကို လောကအရေး၊ ရာဇအရေးများဖြင့် နှယ်၍ ရေးဖွဲ့ထားသဖြင့် စာဖတ်သူများအား အသိပညာ ဗဟုသုတများစွာ ရရှိနိုင်မည့်စာအုပ်ဖြစ်သည်။

တန်ဖိုးငွေကျပ် – ၄၀၀၀ိ/–

ဤစာအုပ်များကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန နေပြည်တော် ရုံးအမှတ်(၃၅) ဖုန်း ၀၆၇–၄၀၈၃၈၄၊ ၀၆၇–၄၀၈၇၁၈၊ အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ကုမုဒြာကြာပန်းဝိုင်းအနီး ဖုန်း ၀၆၇–၄၁၈၄၂၆၊ သမိုင်းသုတေသနဌာနခွဲ (ရန်ကုန်) အမှတ် (၈၅–အေ) သီရိမင်္ဂလာရိပ်သာလမ်းသွယ် ကမ္ဘာအေးဘုရားလမ်း ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း– ၀၉ ၄၂၁၀၄၇၁၂၄ နှင့် အမျိုးသားစာကြည့်တိုက် (ရန်ကုန်) အမှတ် (၆၀၄/၆၀၈) ၃၁ လမ်းနှင့် ၃၂ လမ်းကြား ကုန်သည်လမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း–၀၁ ၈၃၇၉၂၉၄ တို့တွင် ဖြန့်ချိထားပြီး တိုက်ရိုက်ဆက်သွယ် ဝယ်ယူရရှိနိုင်သည်။

---

### ❖ ကျောဖုံးမှ

နှစ်ဖက်ဘောလုံးအဖွဲ့ချုပ် ပူးပေါင်းဆောင်ရွက်ခြင်းကို ကနဦးသုံးနှစ်ထားရှိရန် သဘောတူညီခဲ့ပြီး နည်းစနစ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒိုင်လူကြီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးဘောလုံးဖွံ့ဖြိုးတိုးတက်ရေးနှင့် လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ ရှောဝတီဖောင်ဒေးရှင်း၏ ပံ့ပိုးမှုဖြင့် မြန်မာလူငယ် ယူ–၁၂ အသင်းကို ဘာစီလိုနာ၊ ဂျူဗီတပ်စ်၊ ဂျပန်၊ J League လူငယ်ကလပ်များ ပါဝင်ယှဉ်ပြိုင်မည့် ယူ၁၂ နိုင်ငံတကာ ဖိတ်ခေါ် လူငယ်ပြိုင်ပွဲသို့ စေလွှတ်ယှဉ်ပြိုင်မည် ဖြစ်သည်။

**သတင်း–ကိုညီလေး**
**ဓာတ်ပုံ–MFF**

### ❂ Southeast မှ

ဂေါက်သီးရိုက်ကစားသမားကို နည်းပြအဖြစ် လာရောက်သင်ကြားရန် ငှားရမ်းခဲ့ခြင်းဖြစ်သည်။ ယင်းထိုင်းပရော်ဖက်ရှင်နယ် ဂေါက်သီးရိုက်ကစားသမားသည် မေလ တတိယပတ်တွင် မြန်မာနိုင်ငံသို့ရောက်ရှိလာပြီး ပြိုင်ပွဲကာလအထိ လေ့ကျင့်သင်ကြားပေးမည်ဖြစ်သည်။ မြန်မာကစားသမားများအနေဖြင့် ပန်းလှိုင်ဂေါက်ကွင်း၌ လေ့ကျင့်သင်ကြားလျက်ရှိပြီး ပန်းလှိုင်ဂေါက်ကွင်းမှလည်း လေ့ကျင့်ရေးကွင်းနှင့် ဆက်စပ်ပစ္စည်းများကို ပံ့ပိုးကူညီပေးထားသည်။ မြန်မာနိုင်ငံ ဂေါက်သီး အားကစားအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် ပြိုင်ပွဲလေးခုအနက် Putra Cup ပြိုင်ပွဲ၊ Lion City Cup ပြိုင်ပွဲနှင့် Santi Cup ပြိုင်ပွဲတို့တွင် ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာကစားသမားများကို သင်ကြားပေးနေသည့် ထိုင်းပရော်ဖက်ရှင်နယ် ဂေါ့ဖ်ကစားသမား Tanapat Pichaikool သည် ၂၀၂၀ နှင့် ၂၀၂၃ ခုနှစ် All Thailand Golf Tour၊ Singha Thailand Master 2023 ပြိုင်ပွဲများတွင် ပထမဆုများကို ရရှိထားပြီး Bromsgrove International School နှင့် Mississippi State University တို့တွင် ပညာသင်ကြားခဲ့သူဖြစ်သည်။

မြန်မာအသင်းသည် ၂၀၁၈ ခုနှစ်ကလည်း မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် Southeast Asian Amateur Golf Team Championship ပြိုင်ပွဲတွင်လည်း ဩစတြေးလျနိုင်ငံသားကို နည်းပြခန့်အပ်ခဲ့ပြီး ယင်းပြိုင်ပွဲ၏ Loin City Cup ပြိုင်ပွဲတွင် အသင်းလိုက်ပထမဆုနှင့် Kartini Cup ပြိုင်ပွဲ၏ တစ်ဦးချင်းပြိုင်ပွဲတွင် ဒုတိယဆုတို့ကို ရရှိခဲ့သည်။ **သတင်း–ကိုညီလေး၊ဓာတ်ပုံ–MGF**

### အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂၄)ရပ်ကွက်၊ နဝဒေးလမ်း၊ မြေကွက်အမှတ်(၃)၊ (၄၀ပေ x ၆၀ပေ)၊ (၂၄၀၀) စတုရန်းပေ၊ (၀.၀၅၅)ဧက အကျယ်ရှိ နှစ်(၆၀)မြေငှားဂရန် မြေအမျိုးအစားမြေကွက်နှင့် နေအိမ်သည် ဦးဇော်မိုးလွင် (၅/အရတ(နိုင်)၀၅၉၃၇၃)နှင့် ဒေါ်ခိုင်ငြိမ်းအေး(၁၂/သကတ(နိုင်)၁၇၄၈၉၆ တို့က ဂရန်အမည်ပေါက်ပြီး ယင်းမြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်းဘက်ခြမ်း၊ မြေကွက်အမှတ်(၄)နှင့် ကပ်လျက်ရှိသောအခြမ်း (၂၀ပေ x ၆၀ပေ) အကျယ်ရှိမြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသောနေအိမ်အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ယခုရောင်းချသူ ဒေါ်ခိုင်ငြိမ်းအေး က အမည်ပေါက် လက်ဝယ်ရရှိပိုင်ဆိုင်ထားကာ လွှဲပြောင်းရောင်းချ ပိုင်ခွင့်အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက်ရောင်းချရန် ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် မြေကွက်နှင့် နေအိမ်ဖိုးငွေ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတချို့အဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းမြေကွက်နှင့် နေအိမ်တို့နှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသည်ဟု အဆိုရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ် ကိစ္စပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

| | |
|---|---|
| ဦးစွမ်းထက်ပိုင် | ဒေါ်ပိုးဇာနည်ဝင်း |
| တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၂၀၆) | အထက်တန်းရှေ့နေ |
| LL.B,DBL,DIL,MA(Business Law) | LL.B (စဉ်–၅၀၅၉၅) |
| ဖုန်း–၀၉–၄၃၀၉၄၆၇၂ | ဖုန်း–၀၉–၇၉၉၈၉၀၄၉၂ |

တိုက်(၁၄)၊ အခန်း (B–1/B–2)၊ မဟာမြိုင်အိမ်ရာ၊ (၄၁/တိုးချဲ့)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်

## ရန်ကုန်တိုင်းဒေသကြီးလုံးဆိုင်ရာဝိနယာနုဂ္ဂဟအသင်း နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားခြင်း

အသင်းကြီး၏(၉၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို အောက်ပါအစီအစဉ် အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်များမပျက်မကွက်(မပျက်မကွက်)တက်ရောက် ကြပါရန် ဖိတ်ကြားအပ်ပါသည်-

နေ့ရက် ။ ။ ၂၆-၅-၂၀၂၄(တနင်္ဂနွေနေ့)

အချိန် ။ ။ ညနေ ၃:၀၀ နာရီ

နေရာ ။ ။ ဘုရားဖြူကျောင်းတိုက်၊ ပုဇွန်တောင်။

**အမှုဆောင်အဖွဲ့ ဖုန်း- ၀၉-၅၁၅၅၈၅၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ မြို့မ (၇)လမ်း၊ အမှတ် (၄၀၄/က)၊ အကျယ်အဝန်း ( ၂၀ပေ x ၆၀ပေ)ရှိ မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် (၁)ခန်းတည်း (၆)ထပ်တိုက်အဆောက်အဦ၏ တတိယထပ်၊ (၄)လွှာတိုက်ခန်းနှင့်ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်ဝသုန်ဖြိုး [၁၄/ပသန(နိုင်)၂၀၇၇၃၈] က မိမိ တရားဝင်ပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ပြန်လည်ရောင်းချလိုကြောင်း ကမ်းလှမ်းသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးကောင်းသန့် [၁၂/သခန (နိုင်) ၁၃၃၅၅၄]နှင့် ဒေါ်အေးအေးသွယ် [၁၀/မဒန (နိုင်)၁၁၁၆၂၈]တို့က အဆိုပါ တိုက်ခန်းကို အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှ စ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ကိစ္စပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်သီတာအောင် (LL.B,D.B.A, D.B.L,D.M.L)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၀၈၅)**

**အမှတ် (၃၈၃)၊ ၃-လွှာ/အေ၊ (၁၃)လမ်း၊ ဇေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း-၀၉-၂၅၀၂၇၇၈၉၅၊ ၀၉-၇၉၉၂၉၄၈၉၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်(တောင်)ရပ်ကွက်၊ နှင်းဆီလမ်း၊ အမှတ်(၇၄)ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၈)ထပ်တိုက် အဆောက်အဦ၏ (၆-လွှာ/အေ)(ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၅ ပေ x ၆၀ ပေ)ရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းနှင့် ပတ်သက်ဆက်နွှယ်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူခဲ့ပြီး လက်ရှိထား ပိုင်ဆိုင်လျက်ရှိကြောင်း၊ အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ လွှဲပြောင်းရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းသူ ဒေါ်နန်းငွေပွင့် [၁၄/ကပန(နိုင်) ၁၃၁၈၀၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဆုကလျာထွန်းဦး [၆/မမန(နိုင်)၁၈၅၀၇၁]မှ အပြီးအပိုင်ဝယ်ယူရန် သဘောတူညီပြီး ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါတိုက်ခန်း အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက် အထားမူရင်းများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဆုကလျာထွန်းဦး[၆/မမန (နိုင်) ၁၈၅၀၇၁]၏ လွှဲအပ်ချက်အရ-**

**ဒေါ်ခင်လှဲ့ဝေ(LL.B, D.B.L) တရားလွှတ်တော်ရှေ့ (စဉ်-၁၃၂၉၁)**

**အမှတ်(၁၃)၊ ဆေးရိုးတန်းလမ်း၊ ဆေး/ငြိမ်းရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၇၇၄၇၅၆၅၀၆**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်မျိုးနိုင် [၁၁/မတန(နိုင်)၀၃၀၄၇၁] သည် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင် မြို့နယ်၊ မြို့ဟောင်းအရှေ့ရပ်ကွက်၊ ဘုရားနီတိုးချဲ့ကွက်သစ်၊ ညောင်သုံးပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၈၄)၊ သန်လျင်မြောက်ကွင်း၊ ဦးပိုင်အမှတ်(၃၈/က)၊ ဧရိယာ(၁၁.၇၅)ကေအနက်မှ (အလျား ၄၀ပေ x အနံ ၆၀ပေ)၊ ခြံအမှတ် (၁၆)ရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသော ဦးမျိုးမင်းလတ်[၁၂/သကတ(နိုင်)၁၆၇၁၄၉]ထံမှ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ် ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ပေရယ်စိုး (LL.B,D.B.L,DL-101(WIPO Switzerland)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၀၈၅)**

**ဖုန်း-၀၉-၄၂၃၀၀၈၀၆၀၊ ၀၉-၂၅၀၉၃၄၀၀၃**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၃)၊ သရေခေတ္တရာလမ်း၊ မြေကွက် အမှတ်[၂၄၂(က)]၊ (၂၀ပေ x ၆၀ပေ)အကျယ်အဝန်းရှိ ဦးစံသိန်း(TTN-၁၇၇၉၃၉)ပါမစ်အမည်ပေါက် မြေကွက်နှင့် အဆောက် အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်အေးမြခိုင်[၁၂/သခန(နိုင်)၀၉၇၄၄၈]မှ စာချုပ်အဆက်အစပ်ဖြင့် တရားဝင်လက်ရှိထားဝယ်ယူပိုင်ဆိုင်နေထိုင်သည်ဟု ဝန်ခံကတိပြုပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်သန့်[၅/တဆန(နိုင်)၁၅၄၉၄၁]မှ အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇) ရက်အတွင်း ကျွန်ုပ်ထံသို့တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင် ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်လှလှဌေး(LL.B.D.I.L)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၉၄၉)**

**အမှတ်(၉၅၄/က)၊ သရေခေတ္တရာလမ်း၊ (၁၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၄၂၀၂၄၀၆၇၁**

မူးယစ်
ကို
ပစ်
ပန်းတိုင်
သစ်
စိတ်သစ်
လူသစ်
ဘဝသစ်

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ လူနေရပ်ကွက်အမှတ်(၈)၊ နဝရတ်လမ်း၊ မြေကွက်အမှတ်(၁၈)မြေကွက်ပေါ်ရှိ (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၏ မြေညီထပ်(A-1)(ခြေရင်းခန်း)ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား-၁၂ပေxအနံ-၅၃ပေ)ရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်း နှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိ ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူများဖြစ်သော ဦးဘိုဘို ဟန် [၁၀/ပမန(နိုင်)၁၅၂၆၀၇]+ဒေါ်ရတနာတင်[၇/ကဝန(နိုင်)၀၀၀၅၉၅] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်ရန် အကြောင်းရှိပါက ပိုင်ဆိုင်မှု အထောက်အထားအပြည့်အစုံဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို အပြီးပြတ်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သစ်သစ်အောင်** | **ဒေါ်ချောစု** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၇၇၀၅)** | **(စဉ်-၁၈၁၃၇)** |

**အမှတ်(၈၄)၊ လက်ဝဲသုန္ဒရလမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၆၂၀၉၆၀၃၊ ၀၉-၄၄၄၈၂၈၁၃**

မီးဘေးရှောင် မလောင်ခင်တား

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၁၅၁)ရပ်ကွက်၊ လှော်ကားလမ်းမကြီး၊ အမှတ်(၂၄၁၀) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် -၁၅၁၊ မြေကွက်အမှတ် - ၂၄၁၀၊ အကျယ်အဝန်း (၄၀ x၆၀)ပေရှိ ဦးမောင်မောင်သန်း အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့်အတွက် ဝန်ခံပြောဆိုသူ ဦးမြတ်သူ [၁၂/လမန (ပြု)၀၀၀၄၆၁] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူ များရှိပါက ဤကြေညာစာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသောစာချုပ် စာတမ်း၊ စာရွက်စာတမ်း (မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နှင်းသီတာဖြိုး (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၇၂၀)**

**အမှတ် -၂၄၅၊ အခန်းအမှတ် (၁-စီ)၊ ဗိုလ်မင်းရောင်လမ်း၊**

**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း- 09-759260277, 09-695333983**

## ကန့်ကွက်နိုင်ပါကြောင်း

(၁) ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၅၀/ကံဘဲ့)၊ မြေကွက်အမှတ်(၄၆/စ၁)၊ ဧရိယာ(၀.၀၇၇) ဧက၊

(၂) ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၅၀/ကံဘဲ့)၊ မြေကွက်အမှတ်(၄၆/စ၂)၊ ဧရိယာ(၀.၀၆၇) ဧက၊

(၃) ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၅၀/ကံဘဲ့)၊ မြေကွက်အမှတ်(၄၆/စ၃)၊ ဧရိယာ(၀.၁၁၀) ဧက၊

စုစုပေါင်းဧရိယာ(၀.၁၅၄)ဧကရှိ မြေပိုင်မြေ လ/န-၃(ခ) ရရှိပြီး မြေအမျိုးအစား မြေကွက် (၃)ကွက်နှင့် ယင်းမြေကွက်(၃)ကွက်ပေါ်ရှိ အမှတ်(၄၆/F)၊ မလိခလမ်း၊ (၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ဟုခေါ်တွင် သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် ဒေါ်ဝင်း ကြည် [၁၀/ရမန(နိုင်)၀၁၁၈၅၇]အမည်ဖြင့် တည်ရှိပြီး အမည်ပေါက် ကိုယ်တိုင်မှ ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်း ရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေ ဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိ ပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင် ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်မွန်မွန်ချို (LL.B)** | **ဒေါ်စန္ဒာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)** | **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)** |

**အမှတ် (၈၂၈/က)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ) ရပ်ကွက်၊**

**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊**

**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့ (အေးသာယာ)ရပ်ကွက်၊ တော်ဝင်လမ်းမကြီးနှင့် တော်ဝင် (၁၉)လမ်းထောင့် (အရှေ့လှည့်/မြောက်လှည့်)၊ အမှတ် (M-4) ဟုခေါ်တွင်သော (အလျား ၄၀ပေx အနံ ၆၀ ပေ)အကျယ်အဝန်းရှိ ဒေါ်အေးသိန်း (မူပြ) အမည်ပေါက် စလစ်မြေအမျိုး အစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေ၊ လျှပ်စစ်မီတာပါဝင်သော နေအိမ် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရရှိ ပိုင်ဆိုင်ထားသူ ဒေါ်ခင်ချိုထွေး [၁၂/သလန(နိုင်)၀၁၁၇၀၄]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဦးကျော်ရွှေ [၁၂/ကတန(နိုင်)၀၇၃၆၅၇]မှ အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ရာ အဆိုပါ အိမ်ခြံမြေ အရောင်းအဝယ်အား ကန့်ကွက် လိုပါက မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာစာပါပြီး (၇) ရက်အတွင်း ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင် ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ အိမ်ခြံမြေ အရောင်းအဝယ်အား တရားဝင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ -**

| | | |
|---|---|---|
| **ဦးကျော်ဇေယျ (LL.B)** | **ဒေါ်သန္တာဆွေ (LL.M)** | **ဒေါ်နော်ဆည်းဇာ (LL.B)** |
| **(စဉ်-၁၃၁၈၁/၁၇)** | **(စဉ်-၁၀၄၀၇/၁၅)** | **(စဉ်-၁၂၆၃၇/၁၇)** |
| **ဒေါ်မြင့်မြင့်သန်း (LL.M)** | **ဒေါ်ဝေမာနွယ် (LL.B)** | |
| **(စဉ်-၁၃၂၄၀/၁၇)** | **(စဉ်-၁၄၇၁၁/၁၈)** | |

**တရားလွှတ်တော်ရှေ့နေများ**

**အမှတ်(၉)၊ သိပ္ပံလမ်း၊ အုတ်ဖိုစုရပ်ကွက်၊ သန်လျင်မြို့။**

**ဖုန်း - ၀၉-၄၂၂၂၈၁၁၁၈၊ ၀၉-၄၃၁၈၈၉၈၈**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၃၀၈)၊ (၁)ရပ်ကွက်(ယခုအခေါ်) မြို့သစ်(၃)လမ်း၊ (၄)လွှာ၊ အမှတ်(၉၆)ဟုခေါ်တွင်သော အကျယ်အဝန်း(၁၂.၆x၅၀)ပေရှိ တိုက်ခန်းနှင့် ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်အေးစုလှိုင် [၁၂/ မရက(နိုင်) ၁၂၄၅၈၄] ကိုင်ဆောင်သူမှ ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏ မိတ်ဆွေများမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ကျွန်ုပ် မိတ်ဆွေများဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်နွယ်နွယ်ထွန်း (LL.B, D.B.L)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၃၅)**

**အင်းစိန်ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။**

**ဖုန်း- ၀၉-၇၉၈၂၃၄၈၁၊ ၀၉-၄၃၀၅၂၃၈၅**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်း ဧရိယာအတွင်း စနစ်တကျနေထိုင်နိုင်ရန် မြေနေရာချထားပေးသည့်-

(၁) ကွင်းအမှတ်(၀၁)၊ အုပ်စုအမှတ်(RA-1)၊ အကွက်အမှတ်(တ-၀၆) မြေကွက်အမှတ်(၀၁၄၃)၊ ဧရိယာ(၁၀၀'× ၁၀၀')ရှိသည့် ယာယီ မြေပေးမိန့်တွင်-ဒေါ်အေးအေးစန်း(၁၂/တတန(နိုင်)၁၆၂၈၄၃) (ဘ)ဦးမြသောင်း အမည်ပေါက်သောမြေကွက်။ ယာယီမြေပေးမိန့် အမှတ်(၄၆၁၄/၂၀၂၀)ဖြစ်ပါသည်။

(၂) ကွင်းအမှတ်(၀၂)၊ အုပ်စုအမှတ်(RA-2)၊ အကွက်အမှတ်(တ-၀၅) မြေကွက်အမှတ်(၀၀၃၇)၊ ဧရိယာ(၈၀'× ၈၀')ရှိသည့် ယာယီမြေ ပေးမိန့်တွင်-ဦးထွန်းကြွယ်(၁၂/တတန(နိုင်)၀၀၃၂၄၂)(ဘ) ဦးသိန်းရွှေ အမည်ပေါက်သောမြေကွက်။ ယာယီမြေပေးမိန့် အမှတ်(၄၁၀၈/၂၀၂၀)ဖြစ်ပါသည်။

အထက်ပါမြေကွက်(၂)ကွက်ကို ယာယီမြေပေးမိန့်(၂)စောင်တွင် တရားဝင်အသီးသီးအမည်ပေါက်သူ-ဒေါ်အေးအေးစန်း နှင့် ဦးထွန်းကြွယ် တို့ကိုယ်တိုင်ကအရှုပ်အရှင်းကင်းရှင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ကြ ပါကြောင်း နှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့် အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များ ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်(၂)ကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာ ပါသည့်နေ့မှစ၍(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်း များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်နေ့ရက်ကျော်လွန် ပါက အထက်ပါမြေကွက်(၂)ကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများ သိစေရန်ကြေညာပါသည်။ ( လွှဲအပ်ညွှန်ကြားချက်များအရ )

| | |
|---|---|
| **ဦးသန့်ဇင် (LL-B)** | **ဒေါ်ဟန်နွေနိုင်(LL-B)** |
| အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈) | အထက်တန်းရှေ့နေ(စဉ်-၂၇၃၅၅) |
| Ph-09 253995848 , 09-798420119 | Ph-09-4200 73685 |

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆/၁၊ မြေကွက်အမှတ်(၇၉၉)၊ အဆောက်အအုံအမှတ်(၇၉၉)၊ ဇဋိလ(၃)လမ်း၊ (၁၆/၁)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်ရှိ (၂)ခန်းတွဲ(၆)ထပ်တိုက်၏ ပထမထပ်(A) (ခေါင်းရင်းခန်း)(တိုက်မျက်နှာမူ-ဘယ်ဘက်ခြမ်း)အကျယ်အဝန်း (၁၉ပေ x ၅၄ပေ)၊ (၁၀၂၆)စတုရန်းပေရှိ ရေမီးစုံ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၌ တွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်နှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင် အကျိုးခံစားခွင့်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ **ဒေါ်ခင်ထွေးရီ[၁၄/ဒဒရ(နိုင်)၀၆၂၆၆၅]**ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သူ **ဦးနိုင်ဝေလင်း[၅/မရန(နိုင်)၂၃၅၅၆၂]**နှင့် **ဦးဖြိုးသူရထွန်း[၅/မရန(နိုင်)၃၄၇၇၄၈]**တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်သဖြင့် အကျိုး သက်ဆိုင်၍ ကန့်ကွက်လိုပါလျှင် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စ အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

**ဦးချမ်းမြေ့လင်း (LL.B)(စဉ်-၁၃၀၉၄) ဦးသန့်ဇော်လွင် (LL.B, D.B.L)(စဉ်-၁၄၆၂၃)**

**(တရားလွှတ်တော်ရှေ့နေများ)**

**အမှတ်(၈၃/၇)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**

**ရန်ကုန်မြို့။ Ph:09-448004812**

## ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ Royal Thukha Condominium. ဓမ္မသုခကျောင်းလမ်း၊ တိုက်အမှတ်(၅၂၃)၊ (Lift-ပါ)၊ ကားပါကင်(၁)စီးစာ နေရာအပါ ကွန်ဒိုတိုက်ခန်းအဆောက်အဦမှ အခန်းအမှတ်(1120) (၁၁-လွှာ) (၉၇၉)စတုရန်းပေ အကျယ်အဝန်းရှိ ကွန်ဒိုတိုက်ခန်း အရောင်းအဝယ် ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

